ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့ (31-10-2006) (၅၁၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရာဇီးလ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　　　အောက်တိုဘာ　　　　၃၀

ဘရာဇီးလ်သမ္မတနိုင်ငံ သမ္မတ မစ္စတာလူးဝစ်အင်နာစီရိုလူလာ ဒါဆီးလ်ဗားထံသို့ သမ္မတအဖြစ် ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ခံရခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် နိုင်ငံရေးပါတီများအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်များအားဖတ်ကြား

ရန်ကုန်　　　　အောက်တိုဘာ　　　　၃၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် နိုင်ငံရေးပါတီများအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို လုပ်ငန်းကော်မတီဝင်များက အသီးသီးဖတ်ကြားတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သဘာပတိအဖြစ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီများ အခန်းနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန်　　　　အောက်တိုဘာ　　　　၃၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်လိုက်သည့် အသေးစိတ် အခြေခံရမည့်မူများ အချပ်ပို (၄) မျက်နှာ ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ တပ်မတော်အခန်းနှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများကို အချပ်ပို(၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။ (ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

31-10)01.P65　　1　　1/24/32, 12:53 PM

ကြေးမုံ The Mirror
၃၁-၁၀-၂၀၀၆
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အနုပညာစွမ်းအားဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာ၊ အမျိုးသားယဉ်ကျေးမှု အဆင့်အတန်းတို့ကို ထိုနိုင်ငံ၏ စာပေနှင့် အနုသုခုမ ပညာရပ်တို့ကတစ်ဆင့် ဖော်ထုတ်ပြသလျက်ရှိသည်။ နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာတို့၏ အမျိုးသားရေးဂုဏ်ရည်၊ အနုပညာရသ၊ အနုပညာမြောက် ဖန်တီးနိုင်မှု စွမ်းအားကောင်းများကို မျိုးဆက် တစ်ဆက်မှတစ်ဆက် လက်ဆင့်ကမ်း သယ်ဆောင်ရင်း ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။

ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာငါးပါး၊ သံစဉ် ခုနစ်ပါးတို့ကို အခြေခံပြီး စတင်လာခဲ့သည့် မြန်မာ့ ဂီတသည် ယနေ့ထက်တိုင် တည်တံ့ခိုင်ခံ့လျက်ရှိသည်။ မဟာဂီတသီချင်းကြီးများမှသည် မဟာဂီတနွယ်သည့် ရှေးသံစဉ်သီချင်းများ၊ မြန်မာ့ဓလေ့ ထုံးတမ်းဖွဲ့ဆိုသည့် သီချင်းများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ ဇာတိသွေး ဇာတိမာန်စေ့ဆော်သည့်သီချင်းများ၊ ခေတ်ပေါ်ဇာတေးသီချင်းများ စသည့် မြန်မာ့သုခုမ အနုပညာရပ်များသည် သမိုင်းနှင့် ယှဉ်တွဲ တိုးတက်ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်က နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အဆင့်အတန်းမြင့်မားပြီး မြန်မာ့သုခုမအနုပညာရပ်များ၏ ခံ့ထည်ခိုင်မာသော သမိုင်းကြောင်းနှင့် ဂုဏ်ရည်တို့ ထင်ဟပ်ပြသနိုင်လျက်ရှိသည်။

အထူးသဖြင့် အဆို၊ အက၊ အရေး၊ အတီး သုခုမပညာရပ်များ၏ အဆီအနှစ်များ ပေါင်းစည်းဖြစ်တည်ရာ ဇာတ်သဘင်ပညာရပ်သည် အဆိုပါပြိုင်ပွဲကြီးများ ကျင်းပခြင်းဖြင့် ပြန်လည်ဆန်းသစ်လာခဲ့သည်။ ဇာတ်သဘင်ပညာရပ်များတွင် စိမ့်ဝင်နေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်၊ လူမှုတန်ဖိုး၊ လူမှုကျင့်ဝတ်နှင့် တွေးခေါ်မြော်မြင်မှု သဘောတရားများသည် ယနေ့လူငယ်များအကြား ပြန်လည်သိမြင် နိုးကြားလာစေလျက်ရှိသည်။

ယနေ့အချိန်အခါတွင် တိုင်းတစ်ပါး ယဉ်ကျေးမှုဓလေ့စရိုက်များ၊ သီဆိုကပြဖျော်ဖြေမှုများ စိမ့်ဝင်ပျံ့နှံ့လျက်ရှိရာ အသိတရားရှိရှိဖြင့် တားဆီးကာကွယ်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ နှစ်စဉ်ကျင်းပရင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဆက်လက်ထွန်းကား ပြန့်ပွားစေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများက ဖော်ဆောင်ပေးလျက်ရှိသည့် အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေး စရိုက်လက္ခဏာများ ရှင်သန်ခိုင်မာစေရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ရာ အနုပညာရှင်များအားလုံးက မိမိတို့၏ အနုပညာစွမ်းအား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် အမျိုးသားယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

အမဲစမ်းတောရ ဆရာတော်ကြီးဝိဇာတမင်္ဂလာနှင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်း အရိယာမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံတောင် မဟာသမယဂူ အမဲစမ်းတောရကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒိယ၏ သက်တော်(၈၀)ပြည့် ဝိဇာတမင်္ဂလာမွေးနေ့ တန်ဆောင်မုန်း လပြည့် (စနေနေ့) နံနက်တွင် အမဲစမ်းတောင်နှင့် ပတ်ဝန်းကျင်တောင်တန်းများရှိ ကျောင်းပေါင်း ၈၀ ကျော်တို့မှ ပင့်သံဃာတော် ၁၁၁ ပါးတို့အား ပင့်ဖိတ်၍ မွေးနေ့အလှူတော်နှင့် (၃၄)ကြိမ်မြောက် သိင်္ကာကံထပ်ခြင်းအလှူတို့ကို ကျင်းပမည် ဖြစ်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အမဲစမ်းတောရကျောင်း၏ မဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်ပွဲကို ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်အပေါင်းတို့သည် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်နိုင်ကြောင်း သိရသည်။ (က-ပ)

နေပြည်တော်က ကြိုနှင့်မယ်

❍ 'ဆို က ရေး တီး'၊ ပြိုင်ပွဲကြီးကို
ဝှဲချီးကျင်းပ၊ ခမ်းနားလှရှင့်
မြန်မာ့ဟန်ပြ၊ ယဉ်ကျေးမှုတို့
အနုရသ၊ ဆိုတီးကနှင့်
ရေးကြဖွဲ့သီ၊ စုံအညီလျှင်
နတ်ပြည်သဘင်၊ ကျင်းဆင်ယင်သို့
ပြည်ခွင်အလုံး၊ ရသဖုံး၍
နှလုံးကြည်မြ၊ စိတ်ဝမ်းလှစွာ
မြန်မာ့ဂုဏ်ရည်၊ ဖော်ညွှန်းသီပြီ
"နေခြည်ပေါ်အလှ၊ ကြိုလင့်နှယ်"

❍ 'နဂိုအလှရှေးနည်း'၊ ညွှန်းဆိုပြီးလျှင်
ရေး တီး ဆို က၊ ဤလေးဝတို့
မြန်မာ့ဂုဏ်အင်၊ မြန်မာ့သွင်နှင့်
ကိုယ့်ယဉ်ကျေးမှု၊ ခိုင်ကျည်ပြု၍
ရှေးရှုထိန်းတည်၊ အစွန့်ရှည်ရန်
နောင်ညီသွေးရင်း၊ ဒို့သားရင်းဆွေ
ခပင်းသူငါ၊ ညီညွတ်စွာလျှင်
ဝိုင်းကာဝန်းလျက်၊ လက်ချင်းဆက်၍
စည်းချက်စုံညီ၊ ဆော်နှိုးမြည်သည်
"ရွှေစည်ဆော်မှ၊ ပိုတင့်တယ်။"

❍ 'ချိုမြအေးပြီး'၊ သံချိုတီးသည့်
ဆိုင်းကြီးဝန်းခ၊ ခမ်းနားလှရှင့်
အကစုံလင်၊ ဇာတ်သဘင်နှင့်
နန်းစဉ်ရုပ်သေး၊ သံချိုတေးပြင်
သီရေးဖွဲ့ဟန်၊ ရွှေနန်းဆန်လှ
ဂုဏ်ဟန်စဉ်လာ၊ ခံ့ထည်ဝါသည့်
မြန်မာတို့နွဲ၊ ရိုးရာပွဲကို
မခွဲလိုအား၊ ပြန်ဆုံငြားတွက်
ဆယ့်ငါးကြိမ်တည်၊ ရှေ့နှစ်ဆီဝယ်
"နေပြည်တော်က ကြိုနှင့်မယ်"
"နေပြည်တော်က ကြိုနေနှင့်ပါ့မယ်ကွယ်။ ။"

ရန်နိုင်ဦး

ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တက္ကသိုလ်တွင် ၁၉၆၆ခုနှစ်မှစ၍ ကုန်ထုတ်ဓာတုဗေဒ ဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ယခု ကုန်ထုတ်ဓာတုဗေဒ ဘာသာရပ်ဖြင့် ရန်ကုန်တိုင်းအတွင်း တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ၁နာရီတွင် တက္ကသိုလ်များမွေ့ရာတွင် လည်းကောင်း၊ မိတ်ဆုံစားပွဲကို ညနေ ၆ နာရီအတွင်း Dolphin Restaurant တွင် လည်းကောင်း ပြုလုပ်ကြမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တက်ရောက်ဆဲ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အလှူငွေများကို ဒေါ်အေးညွန့်ကြည် ဖုန်း-၀၁-၅၅၉၉၈၀၊ ဒေါက်တာပင်စီကျော်လှ ဖုန်း-၀၁-၅၃၅၀၅၈၊ ဒေါက်တာသာဉာဏ် ဖုန်း-၀၁-၂၀၃၀၂၇၊ ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၁၂၃၇၄၇၊ ဒေါ်ဖြူဖြူညွန့် ဖုန်း-၀၉၈၀၃၁၉၀၉၊ ဦးဇော်မိုးအောင် ဖုန်း-၀၉-၅၀၀၃၀၅၁၊ ဒေါက်တာ တင်မာကြည် ဖုန်း-၀၂-၅၄၈၄၁၊ ဒေါ်ခင်မာမြင့် ဖုန်း-၁၂-၆၈၄၉၄နှင့် ဦးလှိုင်မိုး ဖုန်း-၀၂-၃၅၄၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တိုင်းရင်းဆေးဝါး အခန်းကဏ္ဍမြှင့်တင်ရေး တရုတ်၌ ဥပဒေပြဋ္ဌာန်းမည်

ပေကျင်း အောက်တိုဘာ ၂၉

တရုတ်နိုင်ငံတွင် တိုင်းရင်းဆေးဝါးအခန်းကဏ္ဍအား မြှင့်တင်ပေးနိုင်မည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားပြည်သူ့ကွန်ဂရက်အောက်ရှိ ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ကျန်းမာရေး ကော်မတီက အောက်တိုဘာ ၂၆ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံတွင် တိုင်းရင်းဆေးဝါး ဖြင့် ကုသပေးသော ကျန်းမာရေး စောင့်ရှောက်မှုစနစ် ပေါ်ထွန်းလာ စေရန်၊ တိုင်းရင်းဆေးပညာသင်တန်း များ တိုးချဲ့ဖွင့်လှစ်ရန်နှင့် တိုင်းရင်း ဆေးဝါးများကို သိပ္ပံနည်းကျ သုတေသနပြုလုပ်မှုများ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အဆိုပါကော်မတီက ပြောကြားသည်။

တုံ့ပြန်ပြောကြား

တရုတ်နိုင်ငံရှိ ဆေးရုံများတွင် အနောက်တိုင်းဆေးဝါးများကိုသာ သုံးစွဲသင့်သည်ဟု ပါမောက္ခတစ်ဦးက အင်တာနက် ဝက်ဘ်ဆိုက်မှတစ်ဆင့် အကြံပြုလိုက်ပြီးနောက် ရက်ပိုင်း အတွင်းမှာပင် အဆိုပါ ကော်မတီက တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ မြှင့်တင်နိုင်စေရန် အားပေးသွားမည် ဖြစ်ကြောင်း ဗဟိုအစိုးရက ပြောကြားခဲ့သည်။

အင်တာနက်။

စက္ကူထုတ်လုပ်မှုတိုးချဲ့ရန် ဗီယက်နမ် ရင်းနှီးမြှုပ်နှံလို

ဟနွိုင်း အောက်တိုဘာ ၂၉

ဗီယက်နမ်နိုင်ငံတွင် စက္ကူနှင့် စက္ကူပျော့ဖတ်စက်ရုံ တည်ဆောက်ရန် အမေရိကန် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ခန့် လိုအပ်မည်ဖြစ်ပြီး လာမည့် ငါးနှစ်အတွင်း လက်ရှိစက်ရုံများကို တိုးချဲ့ရန် နောက်ထပ်ဒေါ်လာ သန်း ၇၀၀ ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း ဗီယက်နမ် နယူးစ်သတင်းစာက သောကြာနေ့တွင် ရေးသားသည်။

၂၀၁၀ပြည့်နှစ်တွင် ထုပ်ပိုးစက္ကူ တန်ချိန် ၁ဒသမ ၂သန်း၊ ပုံနှိပ်စက္ကူနှင့် စာရေးစက္ကူ တန်ချိန် ၃၈၅၀၀၀အပါအဝင် ပြည်တွင်းစက္ကူထုတ်လုပ်မှု တန်ချိန် နှစ်သန်းနီးပါးအထိ မြင့်တက်လာမည်ဟု အဆိုပါသတင်းစာက ရေးသားသည်။

တိုးမြင့်လာသည့် ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် နှစ်စဉ် ပျော့ဖတ်ထုတ်လုပ်မှုပမာဏ တန်ချိန် ၁၀၀၀၀၀ မှ ၁၅၀၀၀၀အထိ ရှိလာနိုင်မည်ဟု ဗီယက်နမ် စက္ကူထုတ်လုပ်ရေးအသင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဘန်ကီမွန်း၏ အခန်းကဏ္ဍ အရေးပါဟု တရုတ်သမ္မတ ဟူကျင်တောင် ယုံကြည်

ပေကျင်း အောက်တိုဘာ ၂၉

ဘန်ကီမွန်းသည် ကုလသမဂ္ဂတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ဖော်ဆောင်မှုများ ပြုလုပ်နိုင်မည်ဟု ယုံကြည်ကြောင်း ဘန်နှင့် တွေ့ဆုံဆွေးနွေးအပြီး၌ တရုတ်သမ္မတ ဟူကျင်တောင်က သောကြာနေ့တွင် ပြောကြားသည်။

၃၅နှစ်ကြာပြီးနောက် နောက်ထပ် အာရှတိုက်သား တစ်ဦး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးရရှိရန် မလွယ်ကူဟု သမ္မတဟူက ချီးကျူးပြောဆိုသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ဘန်ကီမွန်းကို ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်အဖြစ် အောက်တိုဘာ ၁၃ရက်တွင်ရွေးချယ်ခဲ့သည်။ ကိုဖီအာနန်၏ ရာထူး သက်တမ်းသည် ဒီဇင်ဘာ ၃၁တွင် အဆုံးသတ်ပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများ မြင့်မားချိန်တွင် ဘန်ကီမွန်းအနေဖြင့် သမိုင်းတွင်ရစ်မည့် ကာလတစ်ရပ်ကို ကြုံတွေ့နေပြီး နိုင်ငံအားလုံးက ကုလသမဂ္ဂ အပေါ် မျှော်လင့်ချက်ကြီးမားစွာ ထားရှိနေကြသည်ဟု ဟူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ပြည်နယ်၊တိုင်း ကြေးတိုင် ဦးစီးဌာန(အောက်မြန်မာပြည်)ရန်ကုန် မြို့၌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်း အနားကို အောက်တိုဘာ ၁၅ရက်က ကျင်းပရာ ဒလမြို့ ဇေယျာသိဒ္ဓိကျောင်း တိုက် ပဓာန နာယကဆရာတော် ဦးဝိဇ္ဇာလင်္ကာရ အမှူးပြုသော ပင့်သံဃာ ကိုးပါးအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်စိန်နှင့် အရာထမ်း အမှု ထမ်းများက နေ့ဆွမ်းဆက်ကပ်ခြင်း၊ သင်္ကန်းနှင့် ဝတ္ထုပစ္စည်းများဆက်ကပ် လှူဒါန်းခြင်း၊ ပရိတ်တရားတော်များ ဟောကြားနာယူခြင်း၊ ဌာနအကြောင်း ဟောပြောခြင်းနှင့် ကံစမ်းမဲများ ဖောက်ပေးခြင်းတို့ ပြုလုပ်ကြသည်။
(ကြေးတိုင်/မြေစာရင်း)

✻ ရှေ့ဖုံးမှ

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး) အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၈၁ ဦးရှိသည့်အနက် ညီလာခံ ကိုယ်စားလှယ် ၁၀၇၂ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၇ ရှိ၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ်ဦးအေးမောင်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်တို့၏ ဖတ်ကြားတင်ပြချက်များကို စာမျက်နှာ (၄)မှစ၍ ဖော်ပြထားပါသည်။)

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံရေးပါတီများ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဆက်လက်ဖတ်ကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၁ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရစပြုနေသော မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်စရာမရှိ ပြည်တွင်းရေးကို စွက်ဖက်ခြင်းသာဖြစ်သဖြင့် ကန့်ကွက်ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် ကယန်းပြည်သစ်ပါတီက သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို အောက်တိုဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကယန်းပြည်သစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၅-၁၀-၂၀၀၆

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာနိုင်ငံအရေးအား ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆွေးနွေးမည့်အစီအစဉ်၌ ထည့်သွင်းရန် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးသည် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

၃။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရစပြုနေပြီဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း တည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်စရာအကြောင်းမရှိဟု ကျွန်ုပ်တို့အဖွဲ့မှ ခံယူပါသည်။

၄။ အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်သည် မြန်မာပြည်တွင်း၌ လက်တွေ့ဖြစ်ပေါ်တိုးတက်နေသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မသိကျိုးကျွန်ပြုပြီး ကျွန်ုပ်တို့နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းသက်သက်သာ ဖြစ်သဖြင့် ထိုလုပ်ရပ်အပေါ် ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

အိုင်ဒေါင်း
ဒုဥက္ကဋ္ဌ(၁)
ကယန်းပြည်သစ်ပါတီ

ပြင်သစ်နိုင်ငံမှ အမျိုးသားဇာတ်ရုံအကြံပေးပုဂ္ဂိုလ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သရုပ်ပြ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၃၀

ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှ အမျိုးသားဇာတ်ရုံအကြံပေးပုဂ္ဂိုလ် Mr. Jacque Lancien Erwan သည် အရှေ့တောင်အာရှ၏ ရိုးရာယဉ်ကျေးမှု အနုပညာများကို လေ့လာရန် ယမန်နေ့ ညပိုင်းတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)သို့ ရောက်ရှိလာပြီး (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ စွမ်းရည်ပြ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုလေ့လာသည်။

အသေးစိတ်ကြည့်ရှုလေ့လာ

အဆိုပါ ပြင်သစ်နိုင်ငံမှ အမျိုးသားဇာတ်ရုံအကြံပေးပုဂ္ဂိုလ်သည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား မြန်မာ့ဆိုင်းဝိုင်းကြီး၏ လက်စွမ်းပြ တီးခတ်မှုများ၊ မြန်မာ့စောင်း၊ ပတ္တလား၊ ဒုံမင်း၊ မယ်ဒလင်နှင့် တယောတို့ သရုပ်ပြတီးခတ်မှုများကို အသေးစိတ်ကြည့်ရှုလေ့လာရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ ဂီတအနုပညာရှင်များ ဖြစ်ကြသည့် ဘိုကလေးဦးတင့်အောင်နှင့် ဂီတလုလင်ဦးကိုကိုတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဖိတ်ခေါ်ပြသရန်ရည်ရွယ်

ပြင်သစ်နိုင်ငံမှ အမျိုးသားဇာတ်ရုံအကြံပေးပုဂ္ဂိုလ်သည် အရှေ့တောင်အာရှနိုင်ငံများ၏ ရိုးရာယဉ်ကျေးမှု အနုပညာများကို ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် ယဉ်ကျေးမှုအနုပညာပွဲတော်များ၌ ဖိတ်ခေါ်ပြသနိုင်ရန် လာရောက်ကြည့်ရှုလေ့လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင်များကိုလည်း ပြင်သစ်နိုင်ငံသို့ ဖိတ်ခေါ်၍ ပြသနိုင်ရန် ရည်ရွယ်ကာ လာရောက်ကြည့်ရှုလေ့လာခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံမှ အမျိုးသားဇာတ်ရုံ အကြံပေးပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များကို လာရောက်လေ့လာခြင်းဖြစ်သည်။ ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့လည်း သွားရောက်လေ့လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြင်သစ်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံရမည့်မူများအရ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့ရှိ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကိုသာ ကျင့်သုံးသင့်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်နှင့် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်များခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက အခြေခံရမယ့် မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရာမှာ စနစ်တကျရှိစေဖို့ အခန်းခေါင်းစဉ် (၁၅)ခုကို ဦးစွာ သတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ အခန်းခေါင်းစဉ် (၁၅)ခုမှာ "ရွေးကောက်တင်မြှောက်ခြင်း" အခန်းခေါင်းစဉ် တစ်ခုပါရှိရာ အဲဒီအခန်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့် မူများကို အောက်ပါအတိုင်း ချမှတ်ထားရှိပါတယ်–

(က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် ရရှိမည်။

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

အထက်ပါအခြေခံရမယ့်မူများမှာ ကျယ်ပြန့်တဲ့သဘောရှိတဲ့အတွက် အဲဒီအခြေခံရမယ့်မူများအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ဆက်လက်ချမှတ်ပေးဖို့ လိုအပ်လျက်ရှိနေပါတယ်။

အမျိုးသားညီလာခံက ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ပေးထားမှသာ နောင်တွင် ဖွဲ့စည်းပုံ အခြေခံ

ဖတ်ကြား

အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ရှေ့နေချုပ် ဦးအေးမောင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်များကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ဥပဒေပါ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့ ယင်းတို့အပေါ်မှီး၍ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရာမှာ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးတဲ့နိုင်ငံတိုင်းမှာ နိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် တူညီစွာ ရရှိစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအသီးသီးမှာ ပြဋ္ဌာန်းလေ့ရှိကြပါတယ်။

အထက်ပါပြဋ္ဌာန်းချက်များကို ခွဲခြားလေ့လာတဲ့အခါ–

(က) နိုင်ငံသားတိုင်းသည် မိမိတို့ကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့

(ခ) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်

တို့ကို တွေ့ရှိရပါတယ်။

အထက်အပိုဒ်(က)ပါ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ခွင့်ဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားအားလုံးနဲ့ အကျုံးဝင်ပါတယ်။ အဲဒီလို ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားများကို ဥပဒေနဲ့အညီ သတ်မှတ်ရာမှာ ဦးစွာ ပထမ အသက်ကို သတ်မှတ်ပေးရန် ရှိပါတယ်။ အချို့နိုင်ငံများမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများရဲ့ အသက်ကို (၁၈)နှစ် သို့မဟုတ် (၂၁)နှစ် ပြည့်ပြီးသူများအား ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအဖြစ် မိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေရှိအောင် သတ်မှတ်လေ့ရှိကြပါတယ်။

မိမိတို့နိုင်ငံမှာလည်း အသက် (၁၈)နှစ် ပြည့်ပြီးသူများကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ (၁၈)နှစ်ပြည့်ပြီးသူများဟာ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းရှိပြီး အသိဉာဏ်ဗဟုသုတရှိနိုင်တဲ့ အရွယ်ရောက်ပြီးသူများ ဖြစ်ကြတဲ့အတွက် ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၇၆(၂)မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်–

"အသက်(၁၈)နှစ်ပြည့်၍ တရားဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ပါလီမန်အတွက် အမတ်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တရားဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော နိုင်ငံသားတိုင်းသည် ပါလီမန်အတွက် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိရမည်"

ဖော်ပြပါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မှီးပြီး ၁၉၄၈ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေ ပုဒ်မ ၂၃မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်–

"ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံသားတိုင်းသည် မဲဆန္ဒနယ် တစ်နယ်တွင် သာမန်အားဖြင့် နေထိုင်သူလည်းဖြစ်၍ နိုင်ငံတော်

ရှင်းလင်း ပြောကြား

အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

သမ္မတက သတ်မှတ်သော နေ့ရက်တွင် အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သူလည်းဖြစ်လျှင် မဲစာရင်းတွင် ပါဝင်နိုင်သော အရည်အချင်းနှင့် ပြည့်စုံသည်"

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၇၄ မှာလည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်–

"(က) နိုင်ငံသားများသည် ပြည်သူ့ကိုယ်စားလှယ်များကို လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်။

(ခ) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သော နိုင်ငံသားတိုင်း ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။

(ဂ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း၌ ဆန္ဒမဲပေးခွင့် တူညီစွာ ရှိသည်"

ဒါ့ကြောင့် မိမိတို့နိုင်ငံမှာ အသက် (၁၈)နှစ်ပြည့်ပြီး ဥပဒေနဲ့ ညီညွတ်သူတိုင်းကို ဆန္ဒမဲ ပေးပိုင်ခွင့် အခွင့်အရေးများ ပေးခဲ့တဲ့ အစဉ်အလာနဲ့အညီ နောင်တွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်နဲ့ စပ်လျဉ်းပြီး–

"ရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်၌ အသက် (၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"

လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ပြီးတဲ့ အသေးစိတ်အခြေခံရမယ့် မူများအရ အောက်ပါလွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ဖို့ရှိမှာ ဖြစ်ပါတယ်–

(က) ပြည်သူ့လွှတ်တော်

(ခ) အမျိုးသားလွှတ်တော်

(ဂ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်

ဖော်ပြပါလွှတ်တော်များအနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာမှာ ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒရှင်တစ်ဦးဟာ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့် ရှိသင့်ပါတယ်။

ဒါပေမယ့် ချမှတ်ပြီးတဲ့ အသေးစိတ်အခြေခံရမယ့် မူများအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြထားပါတယ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီးများတွင် ထိုတိုင်းဒေသကြီး ရရှိပြီးသော (သို့မဟုတ်) ထိုတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ သုည ဒသမ တစ် (၀.၁) ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုး အသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော (သို့မဟုတ်) ထိုပြည်နယ် အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ သုညဒသမတစ် (၀.၁)ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ"

ဖော်ပြပါ အသေးစိတ်အခြေခံရမယ့် မူများအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ရွေးကောက်တင်မြှောက်ဖို့ရှိရာ ဥပဒေနဲ့ညီညွတ်တဲ့ မဲဆန္ဒရှင်များသည် မြို့နယ်အလိုက် ရွေးကောက်တင်မြှောက်ဖို့ရှိတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးတဲ့ တိုင်းရင်းသားလူမျိုးများမှအပ သတ်မှတ်ချက်နဲ့ ညီညွတ်တဲ့ ကျန်တိုင်းရင်းသားလူမျိုးများဟာ အဲဒီလွှတ်တော်များအတွက် မိမိတို့ကို ကိုယ်စားပြုမယ့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ကိုလည်း ရွေးကောက်တင်မြှောက်နိုင်တဲ့ အခွင့်အရေး ရရှိကြမှာဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး–

"(က)ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲသာ ပေးပိုင်ခွင့်ရှိသည်၊

(ခ)ထို့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံများဟာ ပြည်သူ့ကိုယ်စားလှယ်များကို ရွေး ကောက်တင်မြှောက်ရာမှာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကိုသာ

တင်ပြ

အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အ တွင်း ရေး မှူး ဦး သောင်း ညွန့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်များကို ဖတ် ကြားတင်ပြစဉ်။

(သတင်းစဉ်)

ကျင့်သုံးကြကြောင်း လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများအရ မိမိတို့နိုင်ငံတွင်လည်း စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့ရှိရာ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကိုသာ ကျင့်သုံးသင့်ပါတယ်။

ဒါ့ကြောင့် ဆန္ဒမဲပေးခြင်းနဲ့ စပ်လျဉ်းပြီး–

"လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံးအား မိမိတို့ကို ကိုယ်စားပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ပေးသင့်သော်လည်း လောကီရေးကို စွန့်လွှတ်ပြီး လောကုတ္တရာအရေးကိုသာ အားထုတ်လျက်ရှိကြတဲ့ သာသနာ့ဝန်ထမ်းများဟာ လောကီကိစ္စဖြစ်တဲ့ ရွေးကောက်ပွဲများမှာ ဆန္ဒမဲပေးရန် မသင့်တဲ့အတွက် ယခင်ကကျင့်သုံးခဲ့တဲ့ အစဉ်အလာနဲ့အညီ ခွင့်မပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများနဲ့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ စသည်တို့ကိုလည်း ဆန္ဒမဲပေးပိုင်ခွင့်မပြုသင့်ကြောင်း တွေ့ရှိရပါတယ်။

ဒါ့ကြောင့်–

"အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ–

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) ထောင်ဒဏ်ကျခံနေရသူများ

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့် အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ *

ရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသည့်အခါ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းက တိုင်တန်းချက်တင်ပြသင့်

✻ စာမျက်နှာ ၄ မှ

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ကိုယ်စားလှယ်လောင်းများသည် မိမိတို့ရွေးကောက်ခံရရေးအတွက် မဲဆန္ဒနယ် တစ်နယ်ထက်ကျော်လွန်၍ ထပ်မံယှဉ်ပြိုင်ခြင်းမျိုး မပြုလုပ်သင့်ဘဲ သက်ဆိုင်ရာ မဲဆန္ဒရှင်များအကျိုးကိုသယ်ပိုးနိုင်ရန် မူလက ရည်ရွယ်ဦးတည်ထားတဲ့ မဲဆန္ဒနယ်တစ်နယ်တွင်သာ ပါဝင်ယှဉ်ပြိုင်သင့်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျင်းပတဲ့ ရွေးကောက်ပွဲအချို့ကို နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်းကျင်းပနိုင်ခြင်းမရှိဘဲ ဒေသအလိုက် ခွဲခြားကျင်းပခဲ့ရတဲ့အတွက် အမတ်လောင်းတစ်ဦးဟာ ပါလီမန်ရွေးကောက်ပွဲတစ်ရပ်တွင် မဲဆန္ဒနယ်တစ်နယ်၌ ရှုံးနိမ့်ပါက အခြားမဲဆန္ဒနယ်တစ်နယ်တွင် ထပ်မံ၍ ယှဉ်ပြိုင်ခွင့် ရခဲ့ပါတယ်။ အဲဒီလိုမဲဆန္ဒနယ် တစ်နယ်ထက် ကျော်လွန်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးခြင်းဟာ ပြည်သူများ ကြိုက်နှစ်သက်တဲ့ ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်ရရှိစေဖို့ ခက်ခဲစေခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီဖြစ်ရပ်များကို သင်ခန်းစာယူပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ ပြည်သူ့ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင် မဲဆန္ဒနယ်တစ်နယ်၌ လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့်–

"လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်–

(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊

(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူများတွင် ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီးမူများချမှတ်ထားခဲ့ပါတယ်။ ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်သွားမှာဖြစ်ပြီး ပြည်ထောင်စုနယ်မြေများအတွက် လိုအပ်တဲ့ဥပဒေများကို ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းပေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ ပြည်ထောင်စု နယ်မြေများမှာရှိတဲ့ မဲဆန္ဒရှင်များဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မလိုတော့ဘဲ ပြည်ထောင်စုလွှတ်တော်မှာပါရှိတဲ့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ပေးကြရမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအရ အမျိုးသားလွှတ်တော်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်ထားတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကြမှာဖြစ်ပါတယ်။

ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူမှာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် (၁၂)ဦးကျစီ ရွေးကောက်တင်မြှောက်ရန်ဖြစ်ရာ သတ်မှတ်ထားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးအနက် ပြည်ထောင်စုနယ်မြေများအတွက် ရသင့်ရထိုက်သော အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးပြီး အဲဒီပြည်ထောင်စုနယ်မြေမှာနေတဲ့ မဲဆန္ဒရှင်များဟာ သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုမူ သတ်မှတ်ပေးထားတဲ့ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်ကြရမှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ရန် ဖြစ်ကြောင်း အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ထားသင့်ပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အတွင်းရှိ မြို့နယ်(သို့မဟုတ်) နယ်မြေတစ်ခုခုမှ တိုင်းဒေသကြီး လွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ပြီးနောက်ပိုင်းတွင် အဲဒီမြို့နယ် သို့မဟုတ် နယ်မြေတစ်ခုခုကို နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နဲ့ စပ်လျဉ်းပြီး ထူးခြားတဲ့အခြေအနေအရ ပြည်ထောင်စု လွှတ်တော်က ဥပဒေ ပြဋ္ဌာန်းပြီး ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်လိုက်တဲ့အခါ အဲဒီနယ်မြေဟာ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။

အဲဒီနယ်မြေနဲ့စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းပေးဖို့ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီနယ်မြေနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးဖို့မလိုအပ်တော့တဲ့အတွက် မူလက အဲဒီနယ်မြေမှ ရွေးကောက်တင်မြှောက်လိုက်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟာ ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိ၊ မရှိကို စဉ်းစားပေးဖို့ ရှိလာပါတယ်။

ရွေးကောက်တင်မြှောက်ခံထားရတဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ အရည်အချင်းပျက်ယွင်းခြင်းကြောင့် သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ခြင်းအတွက်ကြောင့်သော်လည်းကောင်း တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုခြင်းမှအပ ယခုကဲ့သို့ ယင်းအား ရွေးကောက်တင်မြှောက်ပေးခဲ့သောနယ်မြေကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်နဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု လွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဖို့ ဥပဒေပြဋ္ဌာန်းတဲ့အခါ အဲဒီအချက်ကို ထည့်သွင်း စဉ်းစားသတ်မှတ် ပေးသင့်ပါကြောင်းနှင့် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်း မရှိပါက အဲဒီလွှတ်တော်ကိုယ်စားလှယ်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေများအတွက် ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းပြီး–

"(က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စု နယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်၊

(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ချမှတ်ထားပြီးဖြစ်တဲ့ ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူမှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိစေတဲ့ အခွင့်အရေးများကို သတ်မှတ်ပေးထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဲဒီအခွင့်အရေးများကို ပြဋ္ဌာန်းထားမှသာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိကြမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့စပ်လျဉ်းပြီး–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော် လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများမှာ "ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့် အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်"လို့ ချမှတ်ထားပါတယ်။ အဲဒီလို ချမှတ်ထားတဲ့ အခြေခံမူနဲ့အညီ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များကတာဝန်မှပြန်လည်ရုပ်သိမ်းလိုပါက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းထားချက်များနဲ့အညီ ဆောင်ရွက်ဖို့ ဖော်ပြထားတဲ့အတွက် တာဝန်မှပြန်လည်ရုပ်သိမ်းလိုပါက ဆောင်ရွက်ရမယ့် နည်းလမ်းများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပြဋ္ဌာန်းထားမှသာ တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းနဲ့စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းတဲ့အခါ မှီငြမ်းပြုနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိနိုင်ရေးအတွက် ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့အခါ ဆောင်ရွက်ရမယ့်နည်းလမ်းများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံက အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ပေးဖို့ရှိနေပါတယ်။ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းနဲ့စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၈ မှာ–

"ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်၏ အမတ်တစ်ဦးကို အမတ်အဖြစ်မှထွက်ခိုင်းရန် လိုအပ်သောစည်းကမ်းချက်များနှင့် နည်းနာများကို ပါလီမန်သည် တရားဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်သည်"

လို့ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

အထက်ပါ ပြဋ္ဌာန်းချက်မှာ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုပါက ရုပ်သိမ်းနိုင်ခွင့်ပေးထားသော်လည်း ယခင်ပါလီမန်က တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းမရှိတဲ့အတွက် ဖော်ပြပါဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ အခွင့်အရေးကို ကျင့်သုံးနိုင်ခဲ့ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၇ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်–

"ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူများ သို့မဟုတ် အဖွဲ့အစည်းက အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် သတ်မှတ်ထားသော ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း၊

(ဂ) အကျင့်စာရိတ္တပျက်ပြားခြင်း"

ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ပြည်သူ့လွှတ်တော်က တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေကို ၁၉၇၅ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃ ဖြင့် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ ပြည်သူ့ကောင်စီဝင်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီအဆင့်ဆင့်မှ အဖွဲ့အစည်း သို့မဟုတ် အဖွဲ့ဝင်ကိုလည်းကောင်း တာဝန်မှပြန်လည်ရုပ်သိမ်းရာတွင် လိုက်နာဆောင်ရွက်ရမယ့် နည်းလမ်းများကို ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ ပြည်သူများအတွက် အားကိုးအားထားရာ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အကယ်၍ အဲဒီပုဂ္ဂိုလ်ဟာ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခဲ့လျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်သော်လည်းကောင်း၊ အကျင့်သိက္ခာပျက်ပြားလျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာ ကိုယ်စားလှယ်နဲ့ပတ်သက်တဲ့ အရည်အချင်းပျက်ယွင်းလျှင်သော်လည်းကောင်း မဲဆန္ဒရှင်များက မိမိတို့ ရွေးကောက် တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ပြုသင့်ပါတယ်။

မိမိတို့ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့အခါ ယင်းသို့ ရုပ်သိမ်းလိုကြောင်း တင်ပြရမယ့် အနည်းဆုံးမဲဆန္ဒရှင်ဦးရေကို သတ်မှတ်ထားသင့်ပါတယ်။ အဲဒီလိုသတ်မှတ်ရာမှာ မနည်းလွန်း၊ မများလွန်းသောဦးရေဖြစ်တဲ့ မူလမဲဆန္ဒရှင်ဦးရေအနက် အနည်းဆုံး တစ်ရာခိုင်နှုန်း သတ်မှတ်ထားသင့်ပါတယ်။

ဒါကြောင့် ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့အခါ သက်ဆိုင်ရာ မဲဆန္ဒနယ်ရဲ့ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်တဲ့ တိုင်တန်းချက်ကို ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြသင့်ပါတယ်။

အဲဒီတိုင်ကြားချက်ကို လက်ခံရရှိတဲ့အခါ ရွေးကောက်ပွဲကော်မရှင်က ဥပဒေနဲ့အညီ စုံစမ်းစစ်ဆေး သင့်ပါတယ်။ စွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးတဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးသင့်ပါတယ်။

ကော်မရှင်က ထိုစွပ်စွဲချက်သည်မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း သဘောရရှိလျှင် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေနဲ့အညီ ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းလိုတဲ့အခါ ဆောင်ရွက်သင့်တဲ့ နည်းလမ်းများနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူချမှတ်ရန်သင့်၊မသင့်ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်–

"(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်၊

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်။

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည်မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်"

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းတို့နဲ့ စပ်လျဉ်းပြီး အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ပြဋ္ဌာန်းထားမှာ ဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းလို့ တင်ပြရရင် ယခုအခါ မိမိတို့ကျင့်သုံးလျက်ရှိတဲ့ မဲဆန္ဒနယ်တစ်နယ်စီမှ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်တဲ့ စနစ်အစား ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်နိုင်သော မဲဆန္ဒနယ်ကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး ရရှိသည့်ထောက်ခံမဲအပေါ်မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ကို အချိုးကျသတ်မှတ်ပေးတဲ့စနစ်ကို နိုင်ငံအတော်များများက သုံးစွဲလာကြတာကို လေ့လာတွေ့ရှိရပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✧

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို အမြဲတမ်း ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကိုမူ ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရ

✧ စာမျက်နှာ ၅ မှ

ယင်းသို့ တိုးတက်လာတဲ့ အခြေအနေမျိုးကို လေ့လာပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်။

ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းတို့နဲ့ စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်”

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများပါ နိုင်ငံတော်ရဲ့ ဦးတည်ချက်(၆)ရပ်မှာ “စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး” ဦးတည်ချက်တစ်ရပ် ပါရှိပါတယ်။ စစ်မှန်သော တစ်နည်းအားဖြင့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ဆောင်ရွက်ရာမှာ ရွေးကောက်ပွဲဆိုင်ရာ အခန်းကဏ္ဍသည်လည်း အဓိကနေရာတွင် ပါဝင်လျက်ရှိကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံသားတိုင်းသည် ဥပဒေနဲ့အညီ ရွေးကောက် တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိမည်ဟုလည်းကောင်း၊ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟုလည်းကောင်း ချမှတ်ထားရှိပါတယ်။ အဲဒီလို ချမှတ်ထားတဲ့မူများနဲ့အညီ ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို အကောင်အထည်ဖော်ပေးဖို့ အဖွဲ့အစည်းတစ်ရပ်လိုအပ်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့အခါ နိုင်ငံရေးပါတီအဖွဲ့အစည်းများကိုလည်း ဖွဲ့စည်း လာကြမှာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူအဖြစ် “နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်”လို့ ချမှတ်ခဲ့ပါတယ်။ အဲဒီလို နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ဥပဒေကို အကောင်အထည်ဖော်ပေးဖို့ အဖွဲ့အစည်းတစ်ရပ်လည်း လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ပေးနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို ဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး အထောက်အကူရရှိနိုင်ရေးအတွက် မိမိတို့နိုင်ငံမှာ ရွေးကောက်ပွဲများကို ကြီးမှူးကျင်းပပေးခဲ့တဲ့ ပုဂ္ဂိုလ်များနဲ့ အဖွဲ့အစည်းများကို အကျဉ်းချုံးတင်ပြသွားပါမယ်။

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု)အက်ဥပဒေသည် ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အာဏာတည်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားတဲ့အချိန်အထိ အဲဒီဥပဒေကို(၅)နှစ်ခန့်ကျင့်သုံးခဲ့ပါတယ်။ ဒိုမီနီယံအသွင်သဏ္ဍာန်ဆောင်တဲ့ ဒီမိုကရေစီအစိုးရမျိုးအတွက် အရေးကြီးတဲ့ ပထမဆုံး စမ်းသပ်ချက်တစ်ရပ်ဟုလည်း ဆိုနိုင်ပါတယ်။ ရွေးကောက်ပွဲများနဲ့စပ်လျဉ်းတဲ့ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ ထုတ်ပြန်ပေးခဲ့ပြီး ယခင်အခါများထက် ကျယ်ပြန့်သောဆန္ဒမဲပေးခွင့်၊ ရွေးကောက်တင်မြှောက်ခွင့်များကို ပေးခဲ့ပါတယ်။ ရွေးကောက်ပွဲများကို ကြီးမှူးကျင်းပပေးဖို့ ကော်မရှင်သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းမပြုဘဲ ရွေးကောက်ပွဲအရာရှိများ ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရပါတယ်။

စစ်ပြီးခေတ်နဲ့ လွတ်လပ်ရေးရရှိပြီးနောက် ရွေးကောက်ပွဲများကို ရွေးကောက်ပွဲမင်းကြီးတစ်ဦးခန့်ထားပြီး ယင်း၏စီမံခန့်ခွဲမှု၊ ကြီးကြပ်မှုဖြင့် ရွေးကောက်ပွဲများကို ကျင်းပခဲ့ကြပါတယ်။ ရွေးကောက်ပွဲမင်းကြီးများအဖြစ် တရားရေးဝန်ကြီးဌာနတွဲဖက်အတွင်းဝန်များကို အများအားဖြင့် ခန့်အပ်ပြီး တာဝန်များကို ပူးတွဲထမ်းဆောင်စေလေ့ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခင်ပါလီမန်က ၁၉၆၁ ခုနှစ် ရွေးကောက်ပွဲကော်မရှင်ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ပြီးနောက် ယင်းဥပဒေအရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်ထားရေးကို ၁၉၆၁ ခုနှစ် မတ်လ ၂၀ရက်နေ့တွင် ကျင်းပခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်တွဲဖက် ညီလာခံအစည်းအဝေးမှ အတည်ပြုခဲ့သော်လည်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ နိုင်ငံတော် တရားလွှတ်တော်ချုပ်သို့ ထင်မြင်ယူဆချက် တောင်းခံခဲ့ရာ နိုင်ငံတော်တရားလွှတ်တော်ချုပ်က ရွေးကောက်ပွဲကော်မရှင်မင်းကြီးများ ခန့်ထားရန် အဆိုကို ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ် တွဲဖက်ညီလာခံအစည်းအဝေး၌ သဘောတူညီချက်ထပ်မံရယူရန် ထင်မြင်ယူဆချက်ပေးခဲ့ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(ဒုတိယ) ပြင်ဆင်ချက်အက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ်–၇)အရ ရွေးကောက်ပွဲနဲ့စပ်လျဉ်းတဲ့ “အပိုင်း–၆၊ ရွေးကောက်ပွဲများ”ဟူသော ခေါင်းစဉ်ဖြင့် အခန်းတစ်ခုအဖြစ် ပြင်ဆင်သတ်မှတ်ကာ မူရင်းပုဒ်မ ၁၁၃ ကို အများအပြား ဖြည့်စွက်ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၁၁၃ (ခ) (၁) အရ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်တွဲဖက်အစည်းအဝေး၏ သဘောတူညီချက်ကို ရယူ၍ နိုင်ငံတော် သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုး တံဆိပ်ခတ်နှိပ်သည့် အမိန့်စာဖြင့် ခန့်ထားသော ရွေးကောက်ပွဲမင်းကြီးချုပ်နဲ့ အခြားလေးဦးထက် မပိုသော ရွေးကောက်ပွဲမင်းကြီးများပါဝင်သော ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၁၁၃ (ခ) (၂)အရ ရွေးကောက်ပွဲ မင်းကြီးချုပ်နဲ့ ရွေးကောက်ပွဲမင်းကြီးများကို ပါလီမန်ဖျက်သိမ်းသည့်အခါတွင် ခန့်အပ်ရန်လိုအပ်ပါက နိုင်ငံတော်သမ္မတက ခန့်ထားနိုင်ရမည်ဟုလည်းကောင်း၊ သို့ရာတွင် အဆိုပါခန့်ထားခြင်းအတွက် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေး၏ သဘောတူအတည်ပြုချက်ကို နောက်ပါလီမန်၏ ပထမညီလာခံတွင် ရယူရမည်ဟူ၍လည်းကောင်း ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါတယ်။

အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်မှာပဲ ပုဒ်မ ၁၁၃–က အဖြစ် “ရွေးကောက်ပွဲအရပ်ရပ်အတွက် မဲစာရင်းများ ပြုလုပ်ခြင်းနှင့်လည်းကောင်း၊ ပါလီမန်ရွေးကောက်ပွဲများ ကျင်းပခြင်းနှင့်လည်းကောင်း၊ ဤအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို သို့တည်းမဟုတ် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် လုပ်ငန်းစဉ်၊ နည်းဥပဒေများကို သို့တည်းမဟုတ် ၁၉၄၉ ခုနှစ် နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်မှု အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အခြားတရားဥပဒေတစ်ခုခု အရ ရွေးကောက်ပွဲများ ကျင်းပခြင်းနှင့်လည်းကောင်း စပ်လျဉ်း၍ ကြီးကြပ်ရေး၊ ညွှန်ကြားရေးနှင့် အုပ်ချုပ်ရေး အာဏာတို့သည် ပုဒ်မ ၁၁၃–ခအရ ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်၌ တည်ရှိရမည်”ဟု အတိအလင်းပြဋ္ဌာန်းခဲ့ပါတယ်၊

သဘာပတိကြီးခင်ဗျား–

အဲဒီအချက်များကို ထောက်ရှုပါက မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲများသမိုင်းတွင် အရေးကြီးတဲ့ အဆစ်အချိုးတစ်ခုအဖြစ် တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ရှေးယခင်အဆက်ဆက်က ရွေးကောက်ပွဲများကို ရွေးကောက်ပွဲမင်းကြီးအဖြစ် ခန့်အပ်တာဝန်ပေးသူ တစ်ဦးတည်းကသာ ဆောင်ရွက်ခဲ့ရာမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၃ ကို ပြင်ဆင်ခဲ့ခြင်းကြောင့် ရွေးကောက်ပွဲများကို ရွေးကောက်ပွဲမင်းကြီးချုပ်နဲ့ ရွေးကောက်ပွဲမင်းကြီးများက အဖွဲ့ဖြင့် စုပေါင်းတာဝန်ယူဆောင်ရွက်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ ဖွဲ့စည်းခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်မှာ သတိုးသီရိသုဓမ္မ ဦးတင်က ရွေးကောက်ပွဲမင်းကြီးချုပ်အဖြစ် ဆောင်ရွက်၍ ရွေးကောက်ပွဲမင်းကြီးများအဖြစ် သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်နဲ့ ဝဏ္ဏကျော်ထင်ဦးအုန်းဖေတို့က ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီ ရွေးကောက်ပွဲကော်မရှင်ရဲ့ သက်တမ်းမှာ တစ်နှစ်ခန့်သာ ကြာမြင့်ခဲ့ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၃ ကို လေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းတွင် တစ်ဦးတစ်ယောက်တည်းက ရွေးကောက်ပွဲကိစ္စအဝဝကို တာဝန်ယူရသည့်အစား အဖွဲ့အစည်းဖြစ်သော ကော်မရှင်ဖြင့် တာဝန်ယူသည့်စနစ်သို့ ကူးပြောင်းကျင့်သုံးခဲ့ကြောင်း တွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၆၂ ခုနှစ် မတ်လ ၂ရက်နေ့မှစ၍ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာအရပ်ရပ်ကို ရယူခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီး ပြည်သူများက အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဥက္ကဋ္ဌဦးဒိန်ရတန်နှင့် အဖွဲ့ဝင် ၂၅ ဦး ပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို တော်လှန်ရေးကောင်စီက ကြေညာချက်အမှတ်(၁၀၅)ဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။

၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စား လှယ်များ ရွေးချယ်တင်မြှောက်နိုင်ဖို့ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် ဥက္ကဋ္ဌဦးစိုးရနှင့် အဖွဲ့ဝင် ၂၆ ဦးတို့ပါဝင်သော ပထမအကြိမ်ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၇) ဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ဟာ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ရန် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအလိုက် တာဝန်ယူကြီးကြပ်ဆောင်ရွက်ရမည့် ကော်မရှင်အဖွဲ့ခွဲများကို ဥပဒေနဲ့အညီ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီနောက် ရွေးကောက်ပွဲများကို ကြီးမှူးကျင်းပပေးဖို့ ဒုတိယအကြိမ်၊ တတိယအကြိမ်နဲ့ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးများက ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်များကို ဖွဲ့စည်းပေးခဲ့ပါတယ်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီနောက် နိုင်ငံတော်ရဲ့ အခြေအနေမှာ တစ်နေ့တခြား ယိုယွင်းဆိုးရွားလာခဲ့ရာ ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အန္တရာယ်ကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်သည် နိုင်ငံတော်ကို အချိန်မီ ကာကွယ်ထိန်းသိမ်းပေးခဲ့ရပါတယ်။ ထို့နောက် တပ်မတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် နေ့စွဲဖြင့် ကြေညာချက်အမှတ်(၁/၈၈)ကို ထုတ်ပြန်ရာမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် လက်ရှိရွေးကောက်ပွဲကော်မရှင်ကို ဆက်လက်ထားရှိမည်ဟု ဖော်ပြတာဝန်ပေးအပ်ခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

မိမိတို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်းကောင်း၊ လက်လှမ်းမီသမျှသော အခြားနိုင်ငံများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင်လည်းကောင်း ရွေးကောက်ပွဲကော်မရှင်များနဲ့စပ်လျဉ်းပြီး ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင်များ၏ အရည်အချင်းများ၊ လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်များ စသည်တို့ကို သတ်မှတ်ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံတွင်လည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်လို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီးအတွက် ရွေးကောက်ပွဲများကို အခါအားလျော်စွာ ကျင်းပပေးရမှာဖြစ်လို့ ရွေးကောက်ပွဲလုပ်ငန်းများကို စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို အမြဲတမ်းဖွဲ့စည်းထားပြီး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကိုမူ ဥပဒေနဲ့အညီ ခန့်အပ်တာဝန်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင် ရွက်ရမယ့်အပြင် ရွေးကောက်ပွဲကန့်ကွက်လွှာများကိုလည်း စစ်ဆေးဆုံးဖြတ်သင့်ပါတယ်။ ဒါ့အပြင် ပါတီအဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နည်းဥပဒေများ ပြဋ္ဌာန်း၍လည်းကောင်း၊ သက်ဆိုင်ရာဥပဒေများနဲ့အညီ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍လည်းကောင်း ထိန်းသိမ်းပေးသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ တာဝန်ပေးအပ်ခြင်းနဲ့စပ်လျဉ်းပြီး တင်ပြရမယ်ဆိုရင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များပါ နည်းလမ်းများအတိုင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံးငါးဦးကို ခန့်အပ်တာဝန်ပေးသင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ဖို့ အရည်အချင်းပြည့်ဝသူများ ဖြစ်သင့်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအဖြစ်ဆောင်ရွက်မယ့်ပုဂ္ဂိုလ်များဟာ အလွန်အရေးကြီးတဲ့ တာဝန်များကို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဲဒီပုဂ္ဂိုလ်တွေဟာ လုံခြုံရေးအမြင်၊ နိုင်ငံရေးအမြင်၊ ဥပဒေအမြင်၊ အုပ်ချုပ်ရေးအမြင်ရှိသူများ ဖြစ်သင့်ပါတယ်။ ဒါ့အပြင် သိက္ခာသမာဓိနဲ့ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များလည်း ဖြစ်သင့်ပါတယ်။ အနည်းဆုံး အသက် (၅၀)နှစ်ပြည့်ပြီး အတွေ့အကြုံရှိသူများကို ခန့်အပ်တာဝန်ပေးမယ်ဆိုပါက ဖော်ပြပါအရည်အချင်းများနဲ့ အနီးစပ်ဆုံး ပြည့်စုံသူများကို ရရှိနိုင်မှာဖြစ်ပါတယ်။

အမျိုးသားညီလာခံက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် အရည်အချင်းများကို သတ်မှတ်ပေးထားပြီးဖြစ်တဲ့အပြင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော အချက်များကိုလည်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီမူများနဲ့အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကိုလည်း အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများဖြစ်ရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ပေးရမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူလည်း ဖြစ်ရပါမယ်။ ဒါ့အပြင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲမပါဘဲ ဥပဒေနဲ့အညီဆောင်ရွက်နိုင်ဖို့ နိုင်ငံရေးပါတီဝင် မဟုတ်သူများလည်း ဖြစ်သင့်တဲ့အတွက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကို ခန့်အပ်တာဝန်ပေးရာမှာ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများကိုသာ ခန့်အပ်တာဝန်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ မိမိလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှာ ဥပဒေနဲ့အညီ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့လိုတဲ့အတွက်ကြောင့် ကော်မရှင်တာဝန်မှအပ လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး အောက်ပါအသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

“(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးကို ခန့်အပ် တာဝန်ပေးနိုင်သည်။

(ခ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်

(၁) အသက် (၅၀) နှစ်ပြည့်ပြီးသူဖြစ်ရမည်၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်၊

(၃) (ကက) ပြည်ထောင်စုတရားသူကြီးချုပ်သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ်ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

ရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍လည်းကောင်း လိုအပ်သည့်ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးမှာဖြစ်

➪ စာမျက်နှာ ၆ မှ

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေ ဝန်ထမ်းရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)

(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး (၂၀)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ် အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်ရမည်။

(၄) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံ ရင့်ကျက်သူဖြစ်ရမည်၊

(၅) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်၊

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊

(၇) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်၊

(၈) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူဖြစ်ရမည်၊

(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်း မပြုသူ ဖြစ်ရမည်”

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အဓိက နေရာက ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများကို ဥပဒေနဲ့အညီ ကျင်းပပေးဖို့ရှိမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီလွှတ်တော်ရွေးကောက်ပွဲတွေကိုလည်း လွတ်လပ်ပြီး တရားမျှတစွာ ဖြစ်စေဖို့ ဥပဒေနဲ့အညီ ကြီးကြပ်ပေးရမှာ ဖြစ်ပါတယ်။ လွှတ်တော်ရွေးကောက်ပွဲတွေကို နိုင်ငံအဝန်းမှာ ကျင်းပဖို့ရှိရာ ရွေးကောက်ပွဲလုပ်ငန်းများကို အနီးကပ်အကောင်အထည်ဖော်ပေးရမယ့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကိုလည်း ဥပဒေနဲ့အညီ ဆင့်ကဲဆင့်ကဲ ကြီးကြပ်စေမှသာလျှင် ရွေးကောက်ပွဲယန္တရားဟာ သွက်လက်ချောမောစွာ လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်စေခြင်း စတဲ့ လုပ်ငန်းတာဝန်ကြီးများကို ရွေးကောက်ပွဲကော်မရှင်ကိုသာ ပေးအပ်သင့်ကြောင်း တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့ နိုင်ငံမှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့အတွက် လွှတ်တော် ကိုယ်စားလှယ်များကို ဥပဒေနဲ့အညီ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက်ကြမှာ ဖြစ်ပါတယ်။ အဲဒီလို ရွေးကောက်တင်မြှောက်ရာမှာ အမျိုးသားလွှတ်တော်အတွက်ဆိုရင် ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီက လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်ကြရမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အတွက်ဆိုရင်လည်း နိုင်ငံတော်တစ်ဝန်းလုံးမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၃၃၀ ကို လူဦးရေအလိုက်လည်းကောင်း၊ မြို့နယ်အနေအထားပေါ်မူတည်၍လည်းကောင်း ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ကြမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် လွှတ်တော် ကိုယ်စားလှယ်တွေကို မြို့နယ်တစ်မြို့နယ်စီမှ နှစ်ဦးကျစီကို ရွေးကောက်တင်မြှောက်ပေးဖို့ရှိမှာ ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားမျိုးနွယ်စုများအတွက်လည်း မိမိတို့မျိုးနွယ်စုအလိုက် ကိုယ်စားပြုမယ့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။

အဲဒီလို လွှတ်တော်အသီးသီးအတွက် မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် လွှတ်တော်အလိုက် မဲဆန္ဒနယ်များကို သတ်မှတ်ပေးဖို့ရှိမှာ ဖြစ်ပါတယ်။ မဲဆန္ဒနယ်များ သတ်မှတ်ရာမှာ လူဦးရေအရလည်းကောင်း၊ မြို့နယ်အရလည်းကောင်း တတ်နိုင်သမျှ ညီညီမျှမျှ ဖြစ်စေဖို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တာဝန်ယူ သတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းအပြင် ပြင်ဆင်ခြင်းတာဝန်ကိုပါ ရွေးကောက်ပွဲကော်မရှင်အား တာဝန်ပေးအပ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ရွေးကောက်ပွဲတစ်ရပ်ရဲ့ အဓိကအရေးကြီးဆုံးလုပ်ငန်းတစ်ရပ်မှာ မဲစာရင်းများ ပြုစုခြင်းဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်တဲ့ မိမိတို့ကို ကိုယ်စားပြုမယ့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ဟာ ဥပဒေနဲ့ညီညွတ်တဲ့ နိုင်ငံသားတိုင်း မဲစာရင်းမှာပါရှိမှသာ မိမိတို့ရဲ့ မူလ အခွင့်အရေးကို ကျင့်သုံးနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင့် ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကိုလည်း ဆန္ဒမဲပေးပိုင်ခွင့် ရရှိစေသင့်ပါတယ်။

ဒါကြောင့် ဥပဒေနဲ့ညီညွတ်တဲ့ နိုင်ငံသားတိုင်းနဲ့ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေမယ့် မဲစာရင်းများပြုစုခြင်းလုပ်ငန်းကို ဥပဒေနဲ့အညီ ဆောင်ရွက်ပေးနိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေးအပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် မဲစာရင်းများကို အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ရန် ရှိနိုင်တဲ့အတွက် မဲစာရင်းများပြုစုခြင်း လုပ်ငန်းအပြင် ပြင်ဆင်ခြင်းကိုလည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေးအပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်အထက်မှာ တင်ပြခဲ့သလို ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွတ်လပ်ပြီး တရားမျှတစွာ ဖြစ်စေဖို့ ဥပဒေနဲ့အညီ ကျင်းပပေးမှာ ဖြစ်ပါတယ်။

အဲဒီလို ကျင်းပပေးတဲ့အခါ သဘာဝဘေးအန္တရာယ်ကြောင့်သော် လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိတဲ့ မဲဆန္ဒနယ်များရဲ့ ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွှေ့ဆိုင်းထားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်းတာဝန်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပေးအပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား

ရွေးကောက်ပွဲများနဲ့ စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်း၍လည်းကောင်း လိုအပ်တဲ့ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးမှာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းတဲ့ ဥပဒေတွေမှာဆိုရင် မူပိုင်းဆိုင်ရာများသာ ပါရှိမှာ ဖြစ်တဲ့အတွက် အဲဒီမူဘောင်အတွင်းက လုပ်ငန်းအသေးစိတ်ကိုမူ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်မှသာ လုပ်ငန်းအကောင်အထည်ဖော်ပေးရမယ့် အဖွဲ့အစည်း အဆင့်ဆင့်တို့က တိကျမှန်ကန်စွာ မိမိတို့ရဲ့လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီလည်းကောင်း၊ ထုတ်ပြန်ခွင့်တာဝန်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား ပေးအပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ရွေးကောက်ပွဲများ ကျင်းပတဲ့အခါမှာ မဲဆန္ဒနယ်တစ်နယ်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ရွေးကောက်တင်မြှောက်ကြရမှာ ဖြစ်ပါတယ်။ ထိုသို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်နိုင်ဖို့ မဲဆန္ဒနယ် တစ်နယ်တွင် ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပိုပြီး ယှဉ်ပြိုင်နိုင်ပါတယ်။ အဲဒီလို ယှဉ်ပြိုင်ကြတဲ့အခါ အနိုင်ရရှိသူအနေနဲ့ ကျေနပ်သော်လည်း ရှုံးနိမ့်သူအချို့ကတော့ မိမိတို့ရဲ့မကျေနပ်ချက်များကို အရေးယူပေးဖို့ တင်ပြလေ့ရှိကြပါတယ်။ အဲဒီလို တင်ပြလာမယ့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်နိုင်ဖို့ ရွေးကောက်ပွဲ ခုံအဖွဲ့များကို ဥပဒေနဲ့အညီ ဖွဲ့စည်းထားရှိကြရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ပေးနိုင်ဖို့ ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းခြင်းတာဝန်ကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကိုပဲ ပေးအပ်သင့်ပါကြောင်း လေ့လာတွေ့ ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာ တာဝန်များကို လည်းကောင်း၊ ရွေးကောက်ပွဲဥပဒေပါ တာဝန်များကိုလည်းကောင်း ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စု လွှတ်တော်က အခါအားလျော်စွာ ပြဋ္ဌာန်းတဲ့ဥပဒေအရ တာဝန်များ ပေးအပ်လာလို့ရှိရင်လည်း ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်းလို့ ရွေးကောက်ပွဲကော်မရှင်ရဲ့တာဝန်မှာ ထည့်သွင်းဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရဲ့တာဝန်များကို သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်–

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊

(ဂ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း”

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမယ့် အဖွဲ့အစည်းများရဲ့ အဖွဲ့ဝင်တစ်ဦးဟာ–

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းခြင်း၊

(င) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း။

တို့ရှိပါက ယင်းပုဂ္ဂိုလ်ကို စွပ်စွဲပြစ်တင်နိုင်ပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဟာလည်း ဖော်ပြပါအကြောင်း အရာတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်သော်လည်းကောင်း၊ ပျက်ယွင်းလျှင်သော်လည်းကောင်း စွပ်စွဲပြစ်တင်သင့်တဲ့အတွက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

“နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်”

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ ရာထူးတာဝန်ထမ်းဆောင်နေစဉ် ကျန်းမာရေးအခြေအနေအရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင်လည်း နုတ်ထွက်ခွင့်ပြုသင့်ပါသည်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ နုတ်ထွက်ခြင်းနဲ့ စပ်လျဉ်ပြီး–

“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန် ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်”

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်ပါက နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအသစ်သို့မဟုတ် အဖွဲ့ဝင်အသစ်ကို ခန့်အပ်တာဝန်ပေးသင့်ပါတယ်။ အဲဒီလို ခန့်အပ်တာဝန် ပေးရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်ရဲ့ ရာထူးလစ်လပ်ခြင်းနဲ့ စပ်လျဉ်းပြီး–

“ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်စေ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(သို့မဟုတ်)အဖွဲ့ဝင် နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအသစ် (သို့မဟုတ်) အဖွဲ့ဝင် အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်”

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(သို့မဟုတ်)အဖွဲ့ဝင်ကို အရည်အချင်းပြည့်ဝတဲ့ ပြင်ပပုဂ္ဂိုလ်များကို ခန့်ထားနိုင်သလို နိုင်ငံ့ဝန်ထမ်းများထဲက သင့်လျော်မယ့်ပုဂ္ဂိုလ်များကိုလည်း ခန့်ထားနိုင်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ အရည်အချင်း သတ်မှတ်ချက်တွေထဲမှာ “ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များသည် လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်” လို့ သတ်မှတ်ထားတဲ့အတွက်ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်တွေဟာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်အတွက် ဥပဒေပြုရာမှာ အရေးကြီးတဲ့ကဏ္ဍမှာ ပါရှိမှာဖြစ်ရာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားရေးရာများ အဆက်မပြတ် သိနေဖို့လို

☆ စာမျက်နှာ ၇ မှ

နိုင်ငံ့ဝန်ထမ်းဖြစ်ရင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်အဖြစ်ခန့်အပ်တာဝန်ပေးခြင်းခံရတဲ့နေ့မှစပြီး တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနဲ့အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူစေသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ဟာ နိုင်ငံ့ဝန်ထမ်းဖြစ်ရင် ဆောင်ရွက်ရမယ့်ကိစ္စနဲ့စပ်လျဉ်းပြီး-

"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများကို ကြီးမှူးကျင်းပပေးရတဲ့ အဖွဲ့အစည်းများနဲ့ ပုဂ္ဂိုလ်များဟာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကိုသာ ကြီးကြပ်ပေးခဲ့ရပြီး ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုမူ ရွေးကောက်ပွဲဆိုင်ရာ ခုံအဖွဲ့များက စစ်ဆေးဆုံးဖြတ် ပေးခဲ့ပါတယ်။

ဒါပေမယ့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်များဟာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအပြင် ရွေးကောက်ပွဲကန့်ကွက်လွှာများကို ဥပဒေနဲ့အညီ စစ်ဆေးဆုံးဖြတ်ခဲ့ကြပါတယ်။

လက်ရှိ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကိုသာ ဆောင်ရွက်ပြီး ရွေးကောက်ပွဲ ကန့်ကွက်လွှာများကိုမူ နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးတဲ့ ခုံအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။

ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမယ့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များမှာ ဥပဒေပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူများလည်း ပါရှိလာနိုင်မှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အပြီးအပြတ်ဆောင်ရွက်စေခြင်းနှင့် အယူခံလွှာများနဲ့ ကန့်ကွက်လွှာများကို ဥပဒေနှင့်အညီ ခုံအဖွဲ့များဖွဲ့စည်းစစ်ဆေး ဆုံးဖြတ်စေခြင်းအားဖြင့် လုပ်ငန်းများ တိကျမှန်ကန်မြန်ဆန်နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အဲဒီလို အရည်အချင်းပြည့်ဝတဲ့အဖွဲ့ဝင်များနဲ့ ဖွဲ့စည်းထားတဲ့ကော်မရှင်ဟာ ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်း၍ဖြစ်စေ၊ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်း၍ဖြစ်စေ အဆုံးအဖြတ်ပြုတဲ့အခါ ဥပဒေများနဲ့အညီ တိကျမှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်မယ့် အဖွဲ့အစည်းဖြစ်တဲ့အတွက်ကော်မရှင်ရဲ့ အဆုံးအဖြတ်ဟာ အပြီးအပြတ် အတည်ဖြစ်စေသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များ အပြီးအပြတ် အတည်ဖြစ်စေရေးနဲ့စပ်လျဉ်းပြီး-

"အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲ ခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သော ကိစ္စရပ်များ"

လို့ အသေးစိတ်အခြေခံရမယ့်မူချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ နိုင်ငံတစ်ဝန်းလုံးမှာ လွှတ်တော်ရွေးကောက်ပွဲများကို ကြီးမှူးကျင်းပပေးခြင်း၊ အဲဒီရွေးကောက်ပွဲတွေကို လွတ်လပ်ပြီး တရားမျှတစွာကျင်းပပေးနိုင်ဖို့ ကြီးကြပ်ပေးခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေနဲ့အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေး ဆုံးဖြတ်ခြင်း၊ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်အခြားတာဝန်များကို ထမ်းဆောင်ခြင်း စတဲ့ လုပ်ငန်းတာဝန်ကြီးများကို ဆောင်ရွက်သွားရမယ့် အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်လို့ နိုင်ငံရေးပါတီများကို စနစ်တကျ ထိန်းသိမ်းနိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေကိုလည်းကောင်း၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအဖွဲ့အစည်းဝင်များဖြစ်တဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးတဲ့အခါ ထိုပုဂ္ဂိုလ်များရဲ့ အဆင့်အတန်းနဲ့စပ်လျဉ်းလို့လည်းကောင်း၊ ယင်းတို့ရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနဲ့စပ်လျဉ်းလို့လည်းကောင်း မှီငြမ်းပြုနိုင်ဖို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ထားသင့်ပါတယ်။

ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများမှာ "ပြည်ထောင်စု တရားသူကြီးချုပ်ကို ဒုတိယသမ္မတအဆင့်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကို ပြည်ထောင်စုဝန်ကြီးအဆင့်" သတ်မှတ်ထားသလို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရဲ့အဆင့်ကို ဒုတိယသမ္မတအဆင့်နဲ့ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များရဲ့အဆင့်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သင့်ပါတယ်။

အဲဒီကိစ္စများနဲ့စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ် သတ်မှတ်ခြင်းမပြုဘဲ သီးခြားဥပဒေပြဋ္ဌာန်းတဲ့အခါ ထည့်သွင်းသတ်မှတ်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ အဆင့်သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး-

"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်"ဟုလည်းကောင်း၊ "ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ်များလေ့လာရာမှာ လွယ်ကူစေရေးအတွက် အဲဒီမူတွေကို အောက်ပါအတိုင်း စုစည်းတင်ပြအပ်ပါတယ်-

၁။ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင်-

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက်(၁၈)နှစ် ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ် တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

(ဂ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာတိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။

၂။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ-

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) ထောင်ဒဏ်ကျခံနေရသူများ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူများ။

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်-

(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊

(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။

၄။ (က) ပြည်ထောင်စုနယ်မြေ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများ အတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက် တင်မြှောက်ထားသည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ် တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်း မရှိလျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိစေရ။

၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသား တိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိ သည်။

၆။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါ အကြောင်းတစ်ရပ် ရပ်ကြောင့် တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်-

(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း။

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော် ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်း စစ်ဆေးရမည်။

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း ချေပခွင့်ပေးရမည်။

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင် ရွက်ရမည်။

၇။ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စ များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။

၈။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး(၅)ဦးကို ခန့်အပ်တာဝန်ပေး နိုင်သည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(၁) အသက်(၅၀)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(၃) (ကက) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည် ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီးအဖြစ်ဖြစ်စေ၊ အလားတူ ရာထူးတာဝန် တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ သို့မဟုတ်

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း (သို့မဟုတ်) ဥပဒေ ဝန်ထမ်းရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး (၂၀)နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရ မည်။

(၄) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရ မည်။

(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

(၇) နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်။

(၈) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်။

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊

(ဂ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း

(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေ လုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရား မျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ် များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာ (သို့မဟုတ်) နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လည်းကောင်း ထုတ်ပြန်ခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွ
ဥပဒေနှင့်အညီ ရွေးကောက်ပွ

(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်
ခြင်း၊

၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထော
သို့မဟုတ် အဖွဲ့ဝင် တစ်ဦးအပေါ် စွ
တရားသူကြီးချုပ် သို့မဟုတ် ပြ
တရားသူကြီးတစ်ဦးဦးကို စွပ်စွဲ
ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချ

၁၁။ (က) ပြည်ထောင်စုရွေးကောက်ပွဲ
သည် ရာထူးတာဝန်ထမ်းဆော
မိမိသဘောဆန္ဒအလျောက်
နုတ်ထွက်လိုကြောင်း နိုင်င
ရာထူးမှ နုတ်ထွက်နိုင်သည်၊

(ခ) ရာထူးမှနုတ်ထွက်ခြင်းကြော
ကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်
တစ်ခုခုကြောင့်ဖြစ်စေ ပြည်ထေ
သို့မဟုတ် အဖွဲ့ဝင်နေရာလ
ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြ
စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်မျ
ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့
နိုင်သည်။

(ဂ) ပြည်ထောင်စု ရွေးကောက်
အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြ
ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ်
ပေးခြင်းခံရသည့်နေ့မှစ၍ တ
များနှင့်အညီ နိုင်ငံ့ဝန်ထမ်းအ
မှတ်ယူရမည်။

၁၂။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း
ကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွ
ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်း

(ခ) ရွေးကောက်ပွဲ ခုံအဖွဲ့များ၏
စပ်လျဉ်းသည့် အယူခံမှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေ

၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရ
များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ

၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရ
များ၊ လုပ်ပိုင်ခွင့်များနှင့်ရပိုင်ခွင့်များ
ပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေး
သမ္မတအဆင့် သတ်မှတ်သည်။ ေ
ဝန်ကြီးအဆင့် သတ်မှတ်သည်။

တို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

ယခုဆိုရင် ရွေးကောက်တင်မြှောက်ခြ
အခြေခံရမယ့်မူများကို ချမှတ်ရန် သင့်
အကြံပြုချက်များရှိရင်လည်း အမျိုးသားဉ
ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။ ဒါ့အ
အခန်းနဲ့ ဆက်နွယ်လျက်ရှိတဲ့ အချက်အချို
၁၉၉၆ခုနှစ်၊ မတ်လ (၂၈)၊ (၂၉)နှင့် (၃၀)
အမျိုးသားညီလာခံစုံညီအစည်းအဝေးက ဉ
စီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွ
ချမှတ်စဉ်အခါက ပြည်သူ့လွှတ်တော်ကိုယ်
စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူမ

အဲဒီလိုချမှတ်ထားတဲ့ အသေးစိတ်
ကိုယ်စားလှယ်ကြီးများ ပြန်လည်သတိရနို
မယ်ဆိုရင်-

"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မ
နှင့် စပ်လျဉ်းပြီး အောက်ပါအရ
ပြည်သူ့လွှတ်တော်သို့ လွှတ်တော်
တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

(က) အသက် ၂၅နှစ်ပြည့်ပြီးသူ၊

(ခ) နိုင်ငံသား မိဘနှစ်ပါးမှ မွေး

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလ
ခံရသည့် အချိန်နှင့် တစ်ဆက်
တော်တွင် အနည်းဆုံး ၁၀

(ဃ) ရွေးကောက်တင်မြှောက်ခြင်း
သည့်အရည်အချင်းများနှင့်

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အ
ခွင့် မရှိသူများနှင့်ပတ်သက်ပြီး-

အောက်ပါ ပုဂ္ဂိုလ်များသည် ပြည်သ
ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိစေ

(က) ပြစ်မှုတစ်ခုခုကို ကျူးလွန်
ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ
အာဏာတည်ပြီးမှဖြစ်စေ၊
အရည်အချင်း ပျက်ယွင်းစေ
ခြင်းအတွက် ပြည်သူ့လွှတ်တေ
တင်မြှောက်ခံပိုင်ခွင့်မရှိကြေ
ကာလ ကုန်ဆုံးခြင်းမရှိသေး

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်
အတိုင်းသတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတ
လွတ်မြောက်ခွင့် မရသေးသူ

(င) နိုင်ငံခြားအစိုးရ၏ ကျေးဇူး
သို့မဟုတ် နိုင်ငံခြားအစိုးရ၏
တိုင်းတစ်ပါး၏ နိုင်ငံသားဖြ

(ဆ) **ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းခြင်း၊**

(ဇ) **ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း၊**

၁၀။ **နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။**

၁၁။ (က) **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။**

(ခ) **ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။**

(ဂ) **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

၁၂။ **အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်–**

(က) **ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ**

(ခ) **ရွေးကောက်ပွဲ ခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊**

(ဂ) **နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ။**

၁၃။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။**

၁၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်ရပိုင်ခွင့်များကိုဥပဒေဖြင့်ပြဋ္ဌာန်းသည့်ခါ မိုငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။**

တို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုဆိုရင် ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ စပ်လျဉ်းတဲ့အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရန် သင့်၊ မသင့်နဲ့ အခြားကောင်းမွန်တဲ့ အကြံပြုချက်များရှိရင်လည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများက ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ဆက်နွယ်လျက်ရှိတဲ့ အချက်အချို့ကို ဆက်လက်ပြီးတင်ပြလိုပါတယ်။ ၁၉၉၆ခုနှစ်၊ မတ်လ (၂၈)၊ (၂၉)နှင့် (၃၀)ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်အခါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ပေးခဲ့ပါတယ်။

အဲဒီလိုချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ညီလာခံကိုယ်စားလှယ်ကြီးများ ပြန်လည်သတိရနိုင်စေဖို့အတွက် ကျွန်တော်တင်ပြရမယ်ဆိုရင်–

"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်–

(က) အသက် ၂၅နှစ်ပြည့်ပြီးသူ၊

(ခ) နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူ၊

(ဃ) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသူ၊

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများနှင့်ပတ်သက်ပြီး–

အောက်ပါ ပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိစေရ–

(က) ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်း ပျက်ယွင်းစေသည့်ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် ကာလ ကုန်ဆုံးခြင်းမရှိသေးသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊

(င) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊

(စ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဆ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဇ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဈ) သာသနာ့ဝန်ထမ်း

(ည) နိုင်ငံ့ဝန်ထမ်း

ခြွင်းချက်။ ယင်းစကားရပ်သည် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် မသက်ဆိုင်စေရ။

(ဋ) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ (သို့မဟုတ်) ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

ခြွင်းချက်။ (၁) နိုင်ငံတော်ပိုင် ငွေကြေးဟူသောစကားရပ်တွင် အငြိမ်းစား လစာ၊ စရိတ်၊ ငွေကြေး သော်လည်းကောင်း နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင် ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်၊

(၂) နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်တော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊နိုင်ငံတော်ပိုင်လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်များ မပါဝင်။

(ဌ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီက ဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရည်အချင်း ပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာ သတ်မှတ်ထားသည့် ကာလ ကုန်ဆုံးခြင်းမရှိသေးသူ"

လို့ အသေးစိတ်အခြေခံရမယ်မူ ချမှတ်ထားပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအနက် ဥပဒေပြုရေးအခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်ကြမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် ဥပဒေပြုရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါရှိမှာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများ အရေးအရာများကို အဆက်မပြတ် သိရှိနေဖို့ လိုအပ်ပါတယ်။ ဒါမှသာ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ထိရောက်မှုရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ်အခြေချနေထိုင်ခဲ့ သူဖြစ်ရမည်လို့ အသေးစိတ်အခြေခံရမယ့်မူကို အမျိုးသားညီလာခံက ချမှတ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီလို အသေးစိတ်အခြေခံရမယ့်မူ ချမှတ်စဉ်က နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်သူများ၊ အလုပ်လုပ်ကိုင်သူများနှင့် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နိုင်ငံခြားသို့ သွားရောက်သူများရဲ့ နိုင်ငံခြားမှာ နေထိုင်ခဲ့တဲ့ ကာလကို ရှင်းလင်းထားခြင်းမရှိပါက နောင်တစ်ချိန်တွင် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ဖွယ်ရာ ရှိပါတယ်။ ယခုအခါ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတာကြောင့် နိုင်ငံသားအတော်များများဟာ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် သွားရောက်ခြင်းများ ရှိနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ နိုင်ငံခြားမှာ နေထိုင်တဲ့ ကာလကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် သတ်မှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀) နှစ် အခြေချနေထိုင်ခဲ့သူ"

ဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ်–

"နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်"လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ဖို့ သင့်၊ မသင့် အကြံပြုကြဖို့ဖြစ်ပါတယ်။

ဖော်ပြပါ ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့်စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရန် သင့်၊မသင့်နဲ့ အခြားကောင်းမွန်တဲ့ အကြံပြုချက်များရှိရင်လည်း အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက ဆွေးနွေးအကြံပြု ကြဖို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲတွင် ဒုတိယဆုရ ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဝါသနာရှင်အဆင့် (ပထမတန်း) သဒ္ဒါသုမနစာတော် ရုပ်သေးပြိုင်ပွဲတွင် ဒုတိယဆုရ ရန်ကုန်တိုင်းမှ အောင်စည်တော် ရုပ်စုံသဘင်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❍ **(၁၄)ကြိမ်မြောက်မှ**

ဦးလှဝင်း၊ ဒေါ်သီတာဆွေနှင့် ဒေါ်ကေခိုင်ဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲနှင့် အရေးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများကို ချီးမြှင့်ပြီး အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ရာ ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းကဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးညီညီအောင်နှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးချမ်းသာတို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်ဖေယျာလင်း၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဦးစန်းကိုလေးနှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးခင်မောင်စန်းတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားစောင်းအတီးပြိုင်ပွဲ၌ ပထမဆုရမန္တလေးတိုင်းမှ မောင်သော်ဇင်ဝင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ရဲဝင်းသန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်သန်းထွန်းအောင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ကံဦးအောင်နှင့် ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသော ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူနှင့် ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်၊ ဒုတိယဆုရရှိကြသော မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်နှင့် ဧရာဝတီတိုင်းမှ မောင်ကောင်းထက်အောင်၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်သိုင်းထက်နှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မောင်ရဲမင်းကျော်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်သိုက်ထွန်းခံ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်ဖြိုးဆက်ပိုင်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးစောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဒေါ်ဖြိုးမြမြကြည်၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မလွင်မာသိန်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မဇာဇာအေးတို့အားလည်းကောင်းဆုများချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မဆုဆုဝင်းမောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမိုးတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မချိုဇင်ထွန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မနန္ဒာအေး(ခ)မခင်နန္ဒာနွယ်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မသင်းစုလွင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့်အသက် (၁၅–၂၀) နှစ် အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှ မဆုရည်ကို၊ ဒုတိယဆုရရှိကြသော ဧရာဝတီတိုင်းမှ မသီရိမြတ်ဆုနှင့် ကရင်ပြည်နယ်မှ မခင်မိုးဟိန်းတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် အမျိုးသမီး စောင်းတီးပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ မနန်းသီရိခင်ခင်၊ ဒုတိယဆု ရရှိကြသော မန္တလေးတိုင်းမှ မအေးဆုကျော်နှင့် ဧရာဝတီတိုင်းမှ မခိုင်ဇာမွန်၊ တတိယဆုရ ကရင်ပြည်နယ်မှ မသဲနုအေးတို့အားလည်းကောင်း၊အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❍

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❊ သမိုင်းကြောင်းမှ

မြင်ကွင်းကို တွေ့ကြရမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲနေသော အချိန်အခါတွင် ခေတ်မီ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများဖြင့် တစ်ပြေးညီ လိုက်ပါနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်နေကြရသကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး ရပ်တည်ချက်၊ အမျိုးသားရေး အကျိုးစီးပွားနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ တိမ်းပါးယိုယွင်းမသွားစေရအောင် သတိနှင့်ယှဉ်ပြီး ထိန်းသိမ်းစောင့်ရှောက်နေကြရသည့် အချိန်အခါလည်းဖြစ်ကြောင်း။

ကမ္ဘာနှင့်အဝန်းတွင် အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး အသွင်သဏ္ဌာန် အမျိုးမျိုး ဆောင်နေသည့် ပဋိပက္ခများ၊ ဒေသတွင်းစစ်ပွဲများ၊ ပြည်တွင်းစစ်များ၊ အကြမ်းဖက်မှုများ ကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ပေါ်နေသကဲ့သို့ ကမ္ဘာနိုင်ငံများအတွင်း အုပ်စုဖွဲ့ ဘက်ပြိုင်မှုများ၊ စံနှစ်မျိုးထား ခွဲခြားဆက်ဆံမှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် လွှမ်းမိုးချုပ်ကိုင်ပြီး နိုင်ငံတကာအရေးအရာများတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများသည် ရှိရင်းစွဲပဋိပက္ခများ၊ ပြဿနာများကို ပိုမိုကြီးထွား နက်ရှိုင်းစေလျက်လည်းရှိကြောင်း။

ထို့အပြင် တစ်ကမ္ဘာလုံးကို ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်စေရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးကို စည်းရုံးသိမ်းသွင်းမှု၊ ဖိအားပေး အကျပ်ကိုင်မှု နည်းလမ်းအသွယ်သွယ်ဖြင့် ပဋိပက္ခများ၊ ပြဿနာများတွင် ပါဝင်ပတ်သက်လာအောင် ဖန်တီးနေမှုကြောင့် ပြဿနာများ၊ ပဋိပက္ခများသည် ပိုမိုကျယ်ပြန့်လာပြီး နိုင်ငံတကာကို ပျံ့နှံ့သွားစေလျက်ရှိသကဲ့သို့ ပြဿနာအသစ်၊ ပဋိပက္ခအသစ်များကိုလည်း တိုးပွားလာစေလျက်ရှိကြောင်း။

ယင်းသို့ အခြေအနေ၊ အချိန်အခါမျိုးတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးရပ်တည်ချက်များ မပျက်မယွင်းစေဘဲ နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရန်ဆိုရာတွင် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကြုံတွေ့ရမည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အမျိုးသားရေးစွမ်းအားကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန် လိုအပ်ကြောင်း။

သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများကြောင့် နည်းပညာစွမ်းအား ကွာခြားမှု၊ ဓနအင်အားကွာဟမှုများ ပိုမိုကြီးမား ကျယ်ပြန့်လာနေသည့် အချိန်အခါသမယတွင် လောကဓမ္မတာ သွေးရိုးသားရိုး ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများအပြင် နည်းပညာနှင့် ဓနအင်အားသာလွန်သည့် နိုင်ငံအချို့၏ စံနှစ်မျိုးထား ခွဲခြားဖန်တီးမှုများကြောင့် မလိုအပ်ဘဲ အပိုဆောင်းပြီး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကိုပါ ကျော်လွှားလွန်မြောက်နိုင်စေရအောင် အစဉ်တစိုက်အားထုတ် ကြိုးပမ်းနေရလျက်လည်းရှိကြောင်း။

ယနေ့ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု နယ်ပယ်အသီးသီးတွင် မိမိတို့ အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းရေးဆိုသည့် ရှုထောင့်ကနေ အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်စေရေးအတွက် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားနေရသည်သာမက မိမွေဘမွေဖြစ်သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်ရသည့်အခြေအနေတွင် ရှိနေကြောင်း၊ တစ်နည်းပြောရလျှင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် အနှောင်အဖွဲ့ကင်းကင်း၊ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်စေရေးဆိုသည့် ဦးတည်ချက်ဖြင့် မိမိနိုင်ငံ မိမိ ဖွံ့ဖြိုးတိုးတက်စေရအောင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

ယင်းအချိန်အခါမျိုးတွင် နိုင်ငံတော်အတွင်း စက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာစွမ်းအားများ၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှုစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အဓိကလိုအပ်သကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားများလည်း ထွန်းကားခိုင်မာစေရန် လိုအပ်လျက်ရှိကြောင်း၊ ဤကဲ့သို့ ဓနအင်အား၊ နည်းပညာစွမ်းအား၊ အရည်အသွေးထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေပါမှ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သည့်အပြင် ရေရှည်ခိုင်ခံ့သော ပြည်ထောင်စုကြီးကို မိမိတို့ ထာဝရပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားမှုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကိုယ့်အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်စေရအောင်နှင့် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၊ ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများပါ တစ်ပါတည်းဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံ၌ ခေတ်မီ သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတကာနှင့်တစ်ပြေးညီ တိုးတက်ထွန်းကားစေရအောင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးတက်ပွားများဖြစ်ထွန်းနေစေရအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကိုပါမျှော်မှန်းသည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာ ကျွမ်းကျင်ထက်မြက်သော ပညာရှင်များ၊ ထုထည်ပမာဏကြီးမားစွာ ကျယ်ကျယ်ပြန့်ပြန့်၊ နက်နက်ရှိုင်းရှိုင်းဖြစ်ထွန်းလာစေရအောင် ကြိုတင်မျှော်မှန်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

တစ်ဖက်တွင်လည်း နိုင်းဆချင့်ချိန်တွေးခေါ်မြော်မြင်နိုင်မှု၊ ဆင်ခြင်တုံတရားမြင့်မားမှု၊ စိတ်ဓာတ်ရေးရာစွမ်းအားခိုင်မာမှု၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်မှု အရည်အသွေးကောင်းများဖြင့် ပြည့်စုံသည့် အသိပညာရှင်များပေါ်ထွန်းလာစေရန်အတွက် ဝိဇ္ဇာပညာရပ်များတိုးတက်ထွန်းကားစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် ဝိဇ္ဇာ၊ သိပ္ပံနှင့်နည်းပညာရပ်များကို မိမိတို့ သက်ဆိုင်ရာပညာရပ်များအလိုက်၊ တက္ကသိုလ်၊ ကောလိပ်များအလိုက် နယ်ပယ်ကဏ္ဍစုံ၌ ဖြန့်ကြက်ဖြစ်ထွန်းနေစေရအောင်၊ ပညာရပ်များ ခက်ဖြာပွားများမှုနှင့် ပညာရပ်အလိုက် အထူးပြုမှုတို့ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက ထူထောင်ပေးထားပြီးဖြစ်သည့် အဆင့်အတန်းမြင့်မားသော တက္ကသိုလ်၊ ကောလိပ်များ၊ နိုင်ငံတကာအဆင့်မီသည့် သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းကိရိယာများ၊ ကွန်ပျူတာနှင့် အီလက်ထရွန်းနစ်ကွန်ရက်စနစ်များ စသည့် ပညာရေးဆိုင်ရာအခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးပြုပြီး အသိပညာ၊ အတတ်ပညာစွမ်းအား မြင့်မားသည်ထက် မြင့်မားစေရအောင်၊ ထက်မြက်သည်ထက် ထက်မြက်စေရအောင် ကြိုးစားအားထုတ်သွားကြရန် တစ်ဆက်တည်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ဆရာ၊ ဆရာမများ ထမ်းဆောင်နေကြသည့် ပညာရေးဆိုင်ရာ တာဝန်များသည် အမျိုးသားရေးနှင့် တစ်သားတည်းကျနေပြီဖြစ်ကြောင်း၊ ခေတ်ကာလ၏ တိုးတက်ပြောင်းလဲမှုကြောင့် မလွဲမသွေကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ မိမိနိုင်ငံအပေါ် ဖိနှိပ်ချိုးနှိမ်လိုသည့်အတွက် ဩဇာလွှမ်းမိုးနိုင်ရန် တမင်ဖန်တီးလာသည့် စိန်ခေါ်မှုများကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်စေရအောင် ကြိုတင်ပြင်ဆင်ထားနိုင်ရန်သည် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမတို့အနေဖြင့် အမျိုးသားရေးကြုံတွေ့နေရချိန်တွင် မိမိတို့နှင့်မသက်ဆိုင်သကဲ့သို့ လျစ်လျူရှုထားမည်ဆိုလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိပါးဆုံးရှုံးမှုနှင့်အတူ လူမျိုးပါအညွန့်တုံးသွားနိုင်သည်ဆိုသည်ကို သိမြင်နားလည်ပြီး ဆရာတစ်ဦးအနေဖြင့် ဖြစ်စေ၊ ပညာရှင်တစ်ဦးအနေဖြင့်ဖြစ်စေ၊ နိုင်ငံသားတစ်ဦးအနေဖြင့် ဖြစ်စေ ကျရာအခန်းကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို အမျိုးသားရေးစိတ်ဓာတ်မြင့်မြင့်မားမား၊ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နိုးကြားတက်ကြွစွာ ကြိုးပမ်းထမ်းဆောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ပြည်သူအများလိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ အသွင်ကူးပြောင်းတည်ဆောက်ရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းဖြစ်စဉ် အဆင့်ဆင့်ကို ဖြတ်သန်းဖြစ်ထွန်းလာခဲ့ပြီး မျက်မှောက်ကာလတွင် ဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်ဖြစ်ထွန်းမှု အခြေအနေနှင့် အဆင့်အတန်းအပေါ်မူတည်ပြီး လက်တွေ့လည်းကျ၊ အမျိုးသားရေးအကျိုးစီးပွားလည်း အဖြစ်ထွန်းနိုင်ဆုံး လမ်းစဉ်များအတိုင်း အဆင့်ဆင့် ထူထောင်တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင် မိမိတို့ပြည်သူများကိုယ်တိုင် လိုလားတန်ဖိုးထားသည့် လူမှုတန်ဖိုးနှင့် လူနေမှုစနစ်တို့ကို ရွေးချယ်လျှောက်လှမ်းပိုင်ခွင့်ရှိကြကြောင်း၊ သူတစ်ပါးနိုင်ငံအတွက် အကောင်းဆုံးဆိုသည့် လူနေမှုစနစ်၊ လူနေမှုတန်ဖိုးများသည် မိမိတို့အတွက် တန်ဖိုးရှိချင်မှ ရှိပါလိမ့်မည်၊ မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံ၊ ယဉ်ကျေးမှုနောက်ခံ၊ အမျိုးသားရေး အတွေးအခေါ် အယူအဆ တန်ဖိုးထားမှုတို့က ပိုင်းဖြတ်ပေးသည့် အမျိုးသားရေးလမ်းစဉ်သည်သာလျှင် အကောင်းဆုံးသော လမ်းကြောင်းမှန်ဖြစ်ကြောင်း။

လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှု၊ သမိုင်းကြောင်း၏ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များအပေါ် ရှုမြင်သုံးသပ်ကြသည့် သဘောတရားများ၊ အယူအဆများ၊ ရှုထောင့်များသည်လည်း တစ်နေ့ထက်တစ်နေ့ ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ခေတ်နှင့်ရင်ပေါင်တန်း ဆန်းစစ်ပြီး သမိုင်းကြောင်းကို ဖန်တီးနေသည့် အကြောင်းအကျိုးတရားများကို ရှုထောင့်အသွယ်သွယ်က သုံးသပ်ကာ အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းကြရမည်ဖြစ်ကြောင်း။

သမိုင်းကြောင်း တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ၊ ရွေးချယ်လျှောက်လှမ်းနိုင်သည့် လမ်းစဉ်အသွယ်သွယ်ရှိရစမြဲဖြစ်သည့် လောကဓမ္မတရားကို ငြင်းပယ်ပြီး မိမိ လမ်းစဉ်တစ်ခုတည်းသာ စစ်မှန်သည်ဟုထင်မှတ်ခြင်းသည် ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲ မကင်းသည့် မှားယွင်းသောအမြင်ဖြစ်သည်ဆိုသည်ကို ပညာရှင်များဖြစ်ကြသည့် ဆရာ၊ ဆရာမများ လက်ခံထားပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင်ဆိုလျှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူအများ၏ လိုလားတောင့်တချက်နှင့်အညီ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်စေရန် အစီအစဉ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုအပေါ် တည်ဆောက်ထားသည့် တည်ငြိမ်အေးချမ်း ညီညွတ်မျှတသော နိုင်ငံရေးအခြေခံကောင်းများ၊ တိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအပေါ် အားပြုတည်ဆောက်ထားသည့် စီးပွားရေးအခြေခံကောင်းများ၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှု၊ ပြည်သူများ၏ ကျန်းမာကြံ့ခိုင် ပညာရည်မြင့်မားမှုတို့အပေါ် တည်ဆောက်ထားသည့် လူမှုရေးအခြေခံကောင်းများ ယနေ့ ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယင်း အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများ၊ အကျိုးရလဒ်ကောင်းများကို ဆက်လက်သယ်ဆောင်ပြီး တစ်မျိုးသားလုံး ဦးတည်ချက်ရှိရှိ၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

အမျိုးသားရေးအကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်း

☆ **လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှု၊ သမိုင်းကြောင်း၏ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များအပေါ် ရှုမြင်သုံးသပ်ကြသည့် သဘောတရားများ၊ အယူအဆများ၊ ရှုထောင့်များသည်လည်း တစ်နေ့ထက်တစ်နေ့ ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေ၊ ခေတ်နှင့်ရင်ပေါင်တန်း ဆန်းစစ်ပြီး သမိုင်းကြောင်း ကို ဖန်တီးနေသည့် အကြောင်းအကျိုးတရားများကို ရှုထောင့်အသွယ်သွယ်က သုံးသပ်ကာ အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းကိုရွေးချယ်လျှောက်လှမ်းကြရမည် ဖြစ်။**

☆ **သမိုင်းကြောင်း တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ၊ ရွေးချယ်လျှောက်လှမ်းနိုင်သည့် လမ်းစဉ်အသွယ်သွယ်ရှိရစမြဲဖြစ်သည့် လောကဓမ္မတရားကို ငြင်းပယ်ပြီး မိမိ လမ်းစဉ်တစ်ခုတည်းသာ စစ်မှန်သည်ဟု ထင်မှတ်ခြင်းသည် ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲ မကင်းသည့် မှားယွင်းသောအမြင်ဖြစ်သည်ဆိုသည်ကို ပညာရှင်များဖြစ်ကြသည့် ဆရာ၊ ဆရာမများ လက်ခံထားပြီးဖြစ်လိမ့်မည်ဖြစ်။**

❐ စာမျက်နှာ ၁၀ မှ

ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး တိုးတက်ကြီးပွားရေးအတွက် ဇောက်ချကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေအချိန်အခါကောင်းတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လေ မိမိတို့အာဏာရရှိရန် ဝေးလေဖြစ်နေသည့် အာဏာလောဘသမားများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပျက်စီးစေအောင် အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်လာကြသည်ကိုလည်း တွေ့မြင်နေရကြောင်း။

ယင်းသည် သမိုင်းကြောင်းဖြစ်စဉ်အရကြည့်လျှင် အမိနိုင်ငံတော်ကြီးခေတ်သစ်စနစ်သစ်သို့ ပြောင်းလဲတိုးတက်ပြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မှန်ကန်သည့်မူဝါဒ၊ အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှု၊ ပြည်သူအများ၏ ညီညာဖြိုဖြို ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ ပေါင်းစည်းဖြစ်ထွန်းနေသည့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး အမျိုးသားရေး ကြိုးပမ်းအားထုတ်မှုကြီးကို ဟန့်တားဖျက်ဆီးခဲ့သည့် သမိုင်းအစဉ်အဆက်က အာဏာလောဘသမားများ၏ အမှားကို ယနေ့ ထပ်မံကျူးလွန်နေကြခြင်းပင်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်သည့်အတွက် တိုင်းရင်းသားများအားလုံး တစ်စိတ်တစ်ဝမ်းတည်းရှိပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအကြား တစ်ယူသန်လူမျိုးရေးအစွဲအလမ်းများ၊ ပြည်နယ် ပြည်မခွဲခြားရှုမြင်မှု၊ အမြင်မှားများသွတ်သွင်းလှုံ့ဆော်နေသည့်အပြင် လူမျိုးရေး ဖိနှိပ်ချိုးနှိမ်နေသယောင် လုပ်ဇာတ်များဖန်တီးပြီး စိတ်ဝမ်းကွဲပြားအောင် တမင်လုပ်ဆောင်နေခြင်းသည် ပြည်ထောင်စုကြီး ပြိုကွဲရေးကိုဦးတည်နေသည့် ဆိုးညစ်သောအကြံအစည်များကို ဖော်ပြနေကြောင်း။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်နိုင်ရေးတွင် အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာစေရန်လည်းလိုအပ်ကြောင်း၊ အပြန်အလှန်အားဖြင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာနေခြင်းသည် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်ခေါင်းဆောင်မှု မှန်ကန်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတိုးပွားဖြစ်ထွန်းနေမှုတို့ကို ထင်ဟပ်ဖော်ပြနေကြောင်း။

ထို့ကြောင့် အဖျက်သမားများသည် နိုင်ငံတော်အစိုးရ၏ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို အပြင်းအထန်နှောင့်ယှက်ဟန့်တားနေကြခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ တည်ငြိမ်အေးချမ်းသာယာမှုပျက်ပြားအောင် ဆူပူလှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုများ လုပ်ဆောင်နေကြသကဲ့သို့ နိုင်ငံတကာ၌လည်း သံတမန်ရေး၊ စီးပွားရေးအရ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဟန့်တားမှု၊ ဖိအားပေး အကျပ်ကိုင်မှုများကို လုပ်ဆောင်ရင်း အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးမှုများကို ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ဖျက်ဆီးနေကြကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နေသည်ကို ဖုံးကွယ်နိုင်ရန် ကြိုးစားသည့်အနေဖြင့် နိုင်ငံဆုတ်ယုတ်နေသည်၊ စီးပွားရေးကျဆင်းနေသည်၊ ဘေးရောဂါကပ်ဆိုးများဖြစ်ပေါ်နေသည်၊ ပြည်သူများဆင်းရဲမွဲတေနေသည်ဟု ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဇာတ်များခင်းပြီး ဝါဒဖြန့်နေကြကြောင်း။

ထို့အပြင် နိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျပ်အတည်းများဖြစ်နေသယောင်လည်း နိုင်ငံတကာတွင် အမြင်လွဲမှားအောင်လုပ်ကြံပြောဆိုနေကြကြောင်း၊ အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံတော်တွင် မည်သည့်အကျပ်အတည်းမျိုးမှမရှိဘဲ အကျပ်အတည်းဖြစ်အောင် ဖန်တီးနေသည့် အဖျက်သမားများ၊ အကျပ်အတည်းရှိသည်ဟု မဟုတ်မမှန်ဝါဒဖြန့်နေကြသည့် အဖျက်သမားများ၏ အန္တရာယ်သာ ရှိကြောင်း။

အမှန်တကယ်အကျပ်အတည်းရှိနေသည်ဆိုလျှင်လည်း နိုင်ငံတော်အစိုးရ၏ မူဝါဒအတိုင်း ပြည်သူ့အားဖြင့်သာ ဖြေရှင်းကြမည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်ပြောင်းလဲသွားရုံဖြင့် အကျပ်အတည်းများ တစ်မုဟုတ်ချင်းကွယ်ပျောက်သွားမည်ဟု ယုံကြည်လျှင် ၎င်းသည် အလွန်တရာမှ မှားယွင်းသည့် ဆင်ခြင်စဉ်းစားမှုကင်းမဲ့သည့် အယူအဆပင်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုးမြင်ဝါဒီအဖျက်သမားများ၏ မဟုတ်မမှန်ဝါဒဖြန့်မှုများကို နားယောင်မနေဘဲ ကိုယ့်နိုင်ငံကိုယ့်လူမျိုး တိုးတက်ကြီးပွားရေးအတွက် စိတ်နှလုံးညီညီညွတ်ညွတ် ရည်မှန်းချက်ဖြောင့်ဖြောင့်မတ်မတ်ထားပြီး တစ်မျိုးသားလုံးကတက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါရောက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်ကြီးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် ပိုမိုကောင်းမွန်သည့်၊ ညီညွတ်မျှတသည့် သမိုင်းဖြစ်စဉ်တစ်ဆင့်ကို တက်လှမ်းကူးပြောင်းနေပြီဆိုသည်ကို သိမြင်ကြရန်လိုကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်အစိုးရနှင့်ပြည်သူအများ လက်တွဲကြိုးပမ်းဆောင်ရွက်နေကြသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းစဉ်အဆင့်ဆင့်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် လမ်းခင်းပေးနေခြင်းပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် သိသာထင်ရှားသော ပထမဆုံးခြေလှမ်းဖြစ်သည့်အတွက် ဤညီလာခံကြီး အောင်မြင်ရေးသည် အမျိုးသားအရေးပင်ဖြစ်ကြောင်း၊ အလားတူပင် အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုများသည်လည်း အချိန်ကာလနှင့် လိုက်လျောညီထွေစွာအဆင့်ဆင့်တိုးတက်ဖြစ်ထွန်းပြီး ဟန်ချက်ညီညီဖြင့် အပြန်အလှန်အထောက်အကူပြုဖွံ့ဖြိုး တိုးတက်နေမှသာ ရည်မှန်းချက်ပြည့်မြောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

၎င်းသည်နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် သမိုင်းပေးတာဝန်ဖြစ်သကဲ့သို့ ပစ္စုပ္ပန်ကာလ၏ အမွန်မြတ်ဆုံး အမျိုးသားရေးတာဝန်လည်း ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံသူနိုင်ငံသားတိုင်းက မိမိတို့အပေါ် ကျရောက်နေသည့်မှန်မြတ်သော အမျိုးသားရေးတာဝန်များကို ရှင်းရှင်းလင်းလင်းသိမြင်ပြီး အောင်အောင်မြင်မြင် စွမ်းဆောင်နိုင်စွမ်းရှိ စေရအောင်၊ အမျိုးသားပညာရည်မြင့်မားမှုကို အခြေခံသည့် အမျိုးသားရေးစွမ်းအားကောင်းများ ဖြစ်ထွန်းနေစေရအောင် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အပါအဝင် ပညာရေးလောကတစ်ခုလုံးက ပညာရပ်ဆိုင်ရာစွမ်းအားမြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

အမျိုးသားပညာရည်မြင့်မားမှု၊ ဝိဇ္ဇာ၊ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားမှု၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားဖြစ်ထွန်းမှုစွမ်းအားကောင်းများသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ရှင်သန်ဖွံ့ဖြိုးမှု၊ တိုးတက်ကြီးပွားမှုနှင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲမှုတို့ကိုအဓိက

❍ စာမျက်နှာ ၉ မှ

မရည်မွန်သန့်၊ ဒုတိယဆုရရှိကြသော မန္တလေးတိုင်းမှ မမြတ်ကေသွယ်ကျော်နှင့် ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ့်နွေး(ခ) ခိုင်ရတနာသိမ်း၊ တတိယဆုရ တနင်္သာရီတိုင်းမှ မခြူးသန္တာသိမ့်တို့အား လည်းကောင်း ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပတ္တလား အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းအောင်၊ တတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ ဦးကောင်းဆက်နှင့် ဧရာဝတီတိုင်းမှ ဦးမြင့်အောင်တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးခင်ရီ(ခ) စိန်ကျော်လင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မြန်မာပြည်ချစ်မိုးလျှံနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးအောင်စည်မိုး(ခ)သက်ခိုင်တို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပတ္တလားတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မျိုးသူ၊ တတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်နှင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်အာကာနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ငြိမ်းချမ်းဖြိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုး၊ ဒုတိယဆုရ မကွေးတိုင်းမှ မောင်အောင်ကိုကို၊ တတိယဆုရ ဧရာဝတီတိုင်းမှ မောင်ထူးကိုလွင်နှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မောင်ခန့်ဝင်းတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသား ပတ္တလား အတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူ၊ ဒုတိယဆုရရှိကြသော မန္တလေးတိုင်းမှ မောင်သူရထက်နိုင်နှင့် ပဲခူးတိုင်းမှ မောင်လှမျိုးကို၊ တတိယဆုရ မကွေးတိုင်းမှ မောင်ရဲရင့်သူ(ခ) ဝေယံဦးတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေး၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်နှင့် တတိယဆုရ မွန်ပြည်နယ်မှ မဘိုမတို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဒေါ်မြမြဝင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သင်းသင်းအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေးတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ

စွမ်းဆောင်ပေးနိုင်သည့် အမျိုးသားရေးစွမ်းအားများဖြစ်သည်ဟုခံယူပြီး ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြပါဟုလည်း တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စွမ်းအားခိုင်မာမှု၊ တွေးခေါ်မြော်မြင်ဆင်ခြင်တုံတရားပြည့်ဝမှု၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားမှု အမျိုးသားရေးစွမ်းအားကောင်းများကို ပညာရေးကဏ္ဍကတစ်ဆင့် အခိုင်အမာတည်ဆောက်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုရ ကသအမှတ်(ဒီ–၈၂) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် လက်ထောက်ကထိက ဦးအောင်မြတ်ကျော်၊ သင်တန်းသူစံပြဆုရ ကသအမှတ်(အေ–၈၈) ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးဝါးတက္ကသိုလ်နည်းပြ ဒေါ်ဆုမွန်အေး၊ သင်တန်းသားဖွဲ့လုံ့လဆုရ ကသအမှတ်(ဒီ–၅၀) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကထိက ဦးကျော်သူ၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ ကသအမှတ်(စီ–၁) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်သမဝါယမဒီဂရီကောလိပ် လက်ထောက်ကထိက ဒေါ်သောင်းကြည်နှင့် ကသအမှတ် (စီ–၂) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်သမဝါယမဒီဂရီကောလိပ် လက်ထောက်ကထိက ဒေါ်တင်မေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြအဆောင်ဆုရ သင်တန်းသူ တပ်ခွဲ(၄) အဆောင်(၄)ကိုလည်းကောင်း၊ တပ်ခွဲအလိုက်သင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများက လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်ကိုးဝင်းစေတီတော် တိုးချဲ့မွမ်းမံတည်ဆောက်ရေးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံ ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လှူဒါန်းငွေ၊ ဖောင်ကြီး အခြေခံပညာ အထက်တန်းကျောင်းအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေ အပါအဝင် စုစုပေါင်းငွေကျပ် ၂၅၇၂၀၀ကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမှ မအိအိမွန်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မအေးစုမာ၊ တတိယဆုရရှိသော ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်နှင့် မန္တလေးတိုင်းမှ မသန္တာနွေး(ခ) မခင်သန္တာနွယ်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မရတနာလင်း၊ တတိယဆုရ မန္တလေးတိုင်းမှ မနန္ဒာလင်းနှင့် အထူးဆုရ ကချင်ပြည်နယ်မှ မဝင်းမြတ်ကြည်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မရတနာဥ၊ ဒုတိယဆု

မောင်သက်နိုင်ဝင်းနှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မောင်ခွန်သက်နိုင်ဦးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ မောင်ဖြိုးဆက်ပိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စံရွှေမြတ်တို့အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဒေါ်တင်စန္ဒာဝင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပတ္တလား အတီးပြိုင်ပွဲတွင် ပထမဆုရရှိသူ မန္တလေးတိုင်းမှ ဦးကောင်းသန့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရရှိကြသော ရန်ကုန်တိုင်းမှ မမေသူဝင်းနှင့် စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ တတိယဆုရ ရန်ကုန်တိုင်းမှ မဝင်းထက်ထက်ဖြိုးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မဒေလီယာထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်မိုးခင်နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်တို့အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးအောင်သက်ထွဏ်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးမြင့်မောင်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ ဦးမောင်စိုးသိန်းတို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးအောင်အောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်စိုးရွှေဝါနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦးတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်အောင်ကိုသက်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်မင်းသူတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ရဲဟိန်း၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ရဲရင့်ဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဝေလင်းအောင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ကောင်းထက်လူ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကောင်းကိုကိုလှ၊ တတိယဆုရ ရခိုင်ပြည်နယ်မှ

ဒေါ်စိန်စိန်ရင်၊ တတိယဆုရရှိကြသော မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွန့်နှင့် ရခိုင်ပြည်နယ်မှ ဒေါ်စည်သူစိုးတို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်းမှ မခင်ဆွေမြကြည်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်အေးသီတာလှိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခင်စန်းလှိုင်တို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မတင်နီလာဝင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မနေရည်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသိမ့်မျက်သွယ်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းအေးဝေတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဖူးငုံကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဝတ်ရည်ရွှန်း၊ တတိယဆုရရှိကြသော စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုးနှင့် မန္တလေးတိုင်းမှ မရတနာဥ၊ အထူးဆုရရှိကြသော ကချင်ပြည်နယ်မှ မဂျော်ဆိုင်းဇင်နှင့် ကယားပြည်နယ်မှ မနော်ရွှေရည်ဦးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ ပထမဆုရ ဧရာဝတီတိုင်းမှ မဖြိုးဝေသော်၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မအေးချမ်းမိုး၊ တတိယဆုရ မန္တလေးတိုင်းမှ မသက်စုရတနာလင်းနှင့် အထူးဆုရ ကချင်ပြည်နယ်မှ မဆိုင်းသွယ်ပန်တို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မြန်မာ့တီးဝိုင်းအတီးပြိုင်ပွဲ၌

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

❍ **စာမျက်နှာ ၁၁ မှ**

ပထမဆုရ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးတင်ထွေးမောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမြင့်ကြည်တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မြန်မာဂီတာ အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးသန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးလှမြင့်နှင့်တတိယဆုရမန္တလေးတိုင်းမှ ဦးတာနော်တို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ညီညီလွင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ကြာခိုင်နှင့် တတိယဆုရရန်ကုန်တိုင်းမှမောင်အောင်သူနိုင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀) နှစ် အမျိုးသားမြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ချမ်းဟိန်းအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အမျိုးသား မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်နန်းထိပ်ယံထွန်း၊ တတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်းနှင့် ရန်ကုန်တိုင်းမှ မောင်မင်းထွန်းတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

မြန်မာဂီတာ

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်နှင့် ဒုတိယဆုရ မွန်ပြည်နယ်မှ ဒေါ်ရွက်နုခိုင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ် အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်း၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်တို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသော ရန်ကုန်တိုင်းမှ ဦးကြည်ရွှေနှင့် ပဲခူးတိုင်းမှ ဦးမင်းဇော်၊ ဒုတိယဆုရစစ်ကိုင်းတိုင်းမှ ဦးကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင်ဝင်းတို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားမယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်စန်းထွေး၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ ပေါက်ခေါင်းမောင်မောင်လေး(ခ) ဦးမောင်မောင်လွင်၊ တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ ဦးဌေးဝင်းနှင့်ကယားပြည်နယ်မှ ဦးထွန်းနိုင်ဦး (ခ)ကိုဖောင်းတို့အား လည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဦး၊ ဒုတိယဆုရရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မိုးနိုင်အောင်တို့အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ် အမျိုးသားမယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရရန်ကုန်တိုင်းမှ မောင်အောင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်အောင်ဟိန်းဦးနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ချမ်းဟိန်းအောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်အောင်ဟိန်းတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်ာန်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ကျော်မျိုးနိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

မယ်ဒလင်အတီးပြိုင်ပွဲဆု

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဥမ္မာကျော်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ညွန့်ညွန့်ဆွေနှင့် တတိယဆုရ မကွေးတိုင်းမှ မနီလာတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသမီးမယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဝင်းသီဂီကျော်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မရူပါအောင်လွင်တို့အားလည်းကောင်း၊ အခြေခံပညာ အဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မဖြူနှင်းဝေနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းတို့အားလည်းကောင်း၊ အခြေခံပညာ အဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေး၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မလဲ့ရည်ဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်းတို့အား လည်းကောင်း၊ အခြေခံပညာအဆင့်(၅)နှစ်မှ (၁၀)နှစ် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသော ဧရာဝတီတိုင်းမှ မဒေလီယာထွန်းနှင့် ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်တို့အား ဆုများကိုချီးမြှင့်သည်။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲ၊ နဲပြိုင်ပွဲ၊ တယောပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၊ အိုးစည်အတီးပြိုင်ပွဲ၊ ဒိုးပတ်အတီးပြိုင်ပွဲနှင့် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုချီးမြှင့်ပွဲသတင်းကို အောက်တိုဘာ ၃၁ ရက်တွင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။] (သတင်းစဉ်)

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီးစန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသူ ရန်ကုန်တိုင်းမှ မဖူးငုံကျော်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသားစောင်းအတီးပြိုင်ပွဲတွင် ပထမဆုရရှိသူ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ(၂၀၀၆)သို့ တက်ရောက်ရန် အောက်တိုဘာ ၃၀ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့ပါဝင်သည့် မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-ကုန်သည်/စက်မှု)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၈။ ကွန်ချောင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅:၁၅ ၆။ **"အားဆေး"(မိုးဒီ၊ဇော်ထက်အောင်၊ဆောင်းအိန္ဒြေထွန်း၊) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၅:၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၂၂)**
- ၆:၅၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုံသံ
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခြင်းနှင့်အတူ"(အပိုင်း-၁၄)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စပိုင်ချစ်သူ" (အပိုင်း-၁၈)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၆ (အင်္ဂါနေ့)

- ၇:၀၀ MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
- ၇:၀၅ ပြည်တွင်းမှာပင် ချုပ်လုပ်ထား ခေတ်မီ အသွင်ဆန်းသားရေအိတ်များ
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ Sunday Talk
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ လေးဖက်နာရောဂါဆိုတာ (အပိုင်း-၃) (ဒေါက်တာချစ်စိုး)
- ၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၅ နိုင်ငံတကာအနုပညာရေးရာ
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ သီးနှံစိုက်ပျိုးအထွက်တိုး (စပါးပန်းတိုင်အထွက်နှုန်း)
- ၉:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၅ သိစေချင်သည် ICT (Youth Computer)
- ၁၀:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၅ မုဒ္ဒန်းရွာမှ သဘာဝလက်ဆောင်
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ တစ်ပတ်အတွင်း အားကစားသတင်း
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၃၀ မြန်မာ့ကြယ်လိပ်ထိန်းသိမ်းစောင့်ရှောက်ရေး
- ၁၁:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ ပိုင်ကျူရေထိန်းတံတား
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၅၅	Spartak Moscow-Inter Milan	5-Sports(Live)
၂:၀၀	Barcelona-Chelsea	5-Sports(Live)
	Liverpool-Bordeaux	5-Series(Live)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၆၉)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း-၁၇)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

ခုနစ်ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၃၀

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၁)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို နိုဝင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ ဈေးကလေးရပ်ကွက်၊
တိုက်(၁၄)၊ အခန်း(၁၀၇–ခ)နေ
(ဦးကျော်ဝင်း)(ကုန်သွယ်/လယ်ယာ–ငြိမ်း)–(ဒေါ်အုန်းမြင့်)တို့၏သား

မောင်လင်းနိုင် B.Sc(Physics)
(CTI Group Yangon)
(Apollo Ship Chandler, Miami, Florida 33126, USA)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ လင်းပင်းလမ်း၊ အမှတ်(၁၂၄)နေ
ဦးခင်စန်းမောင်(အမှတ်–၂၊ စက်မှုဝန်ကြီးဌာန)–ဒေါ်မြမြကြည်(အမှတ်–၂၊ စက်မှုဝန်ကြီးဌာန)
တို့၏သမီး

မဝတ်ရည်ဝင်း B.A (Business Management)

တို့သည် ၂၉–၁၀–၂၀၀၆ ရက်တွင် ဂုဏ်သရေရှိလူကြီးများနှင့် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်လင်းနိုင်–မဝတ်ရည်ဝင်း

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အလယ်လမ်းနေ
ဦးတိုက်မောင်–ဒေါ်ခင်ရီတို့၏ သားငယ်

ဗိုလ်ရန်နိုင်မင်း B.Sc (D.S.A), M.Sc M-1 (Y.U)

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)–ဒေါ်မြင့်မြင့်ခင်တို့၏မြေး၊
ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(99 E 2/3)နေ
ဦးဇော်မင်းဆွေ (အုပ်ချုပ်မှုဒါရိုက်တာ၊ ဇာနည်ဇော်ကုမ္ပဏီလီမိတက်)–ဒေါ်မာမာချိုတို့၏
တစ်ဦးတည်းသောသမီး

မဝင်းဝင့်ဇော်

တို့၏ ၂၈–၁၀–၂၀၀၆ရက်(စနေနေ့) I.B.C၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ဦးဝင်းထွန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း)နှင့်ဇနီး ဒေါ်ဆွေဆွေချစ်အားလည်းကောင်း၊ ၁၂–၁၀–၂၀၀၆ရက် (ကြာသပတေးနေ့) နေအိမ်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားသူကြီး ဒေါ်စိုးစိုးအောင် (ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း လက်ဆောင်ပစ္စည်းများ ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဌာနအကြီးအကဲများ၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာပန်းကြဲ၊ မင်္ဂလာပန်းဗန်းကိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်၊ သတို့သားအရံနှင့် သတို့သမီးအရံတို့အဖြစ် ကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်းများနှင့် ညီမငယ်များအားလည်းကောင်း၊ မင်္ဂလာဝတ်စုံ စီစဉ်ပေးသော အီမြင့်၊ မိတ်ကပ်နှင့်ဆံပင် ကိုမာနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးအကိုင်းနှင့်အဖွဲ့၊ မေတ္တာဖြင့်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော ဦးထင်ကျော်ရှိန်အား လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မေတ္တာဖြင့် အခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးဂီတ သိန်းမြင့်သန်းနှင့် တေးသံရှင်များ၊ I.B.C မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှ ကူညီပေးသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ရန်နိုင်မင်း–မဝင်းဝင့်ဇော်

သာမည–မိုးကုတ်ဝိပဿနာသင်တန်းကျောင်း တစ်လကြာ တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၃၀

မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ် သာမည–မိုးကုတ် ဝိပဿနာဆန်တန်းကျောင်းသစ်၌ (၄၆) ကြိမ်မြောက် မြတ်ဗုဒ္ဓ၏ အလိုတော်ကျ မိုးကုတ်ဆရာတော်ကြီးနှင့် သာမညဆရာတော်ကြီးတို့၏ ဥပနိဿယအတိုင်း သာမည–မိုးကုတ် ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာ စရိယ ဆရာတော် တစ်ဘဝ သာသနာ အရှင်သောဘန မထေရ်မြတ် B.Sc (Physics) က နိဗ္ဗာန်ရောက်ကြောင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်မြတ်ကို နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ တစ်လကြာ တရားစခန်း ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။ သာမညဆရာတော်ကြီးအား ရည်မှန်း၍ သံဃာတော်များအား ဆွမ်း၊ သင်္ကန်း စသည်များ လှူဒါန်းမည်ဖြစ်သည်။ (က–ပ)

ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဦးစိုးမြင့် (ညွှန်ချုပ်၊ DWIR)**နှင့် မေမေ **ဒေါ်လှလှယဉ်** တို့၏ ၃၁–၁၀–၂၀၀၆ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာမှသည် သက်ဆုံးတိုင် တိုင်းပြည်အကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ ဆုမွန်ကောင်းတောင်းလျက်...

ချစ်သားများ
ဗိုလ်ကြီးကောင်းမြတ်
မောင်ထက်မြက်စိုး–နန့်ရွှေစင်နု
မောင်ဇေယျာဖြိုးအောင်
မောင်သက်နိုင်စိုး
မောင်ပြည့်စုံစိုးနှင့် တူ၊ တူမများ

ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးနှင့် ၂၀၀၆ ခုနှစ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနသည် အိန္ဒိယသမုဒ္ဒရာ နိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့်အတူ ၂၀၀၁ ခုနှစ်မှ စတင်၍ ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေး လုပ်ငန်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယခုနှစ်မှ စတင်၍ ထူးခြားစွာဖြင့်ရှားပါးရေနေသတ္တဝါဖြစ်သော ပင်လယ်လိပ်များကို မျိုးထိန်းသိမ်းနိုင်ရန်အလို့ငှာ National Workshop on Marine Turtle Conservation and Management (Year of the Turtle 2006)ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(ရုံးချုပ်) အဆောက်အအုံ၌ နိုဝင်ဘာ ၆ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များသိရှိစေရန် နှီးဆော်ထားကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရသည်။ (သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးဇော်မင်း)(ဓာတ်ခွဲခန်းမှူး၊ ရူပဗေဒဌာန၊
ပညာရေးတက္ကသိုလ်–ငြိမ်း)–ဒေါ်တင်တင်သန်း(ကထိက၊ ရူပဗေဒဌာန၊
ဆေးတက္ကသိုလ်–၂၊ ငြိမ်း)တို့၏ သားကြီး

မောင်မောင်မိုးဇော်
B.E (Metallurgy) Y.T.U,
M.Sc Environmental Engg.
(National University of Singapore)

နှင့်

ပုသိမ်မြို့နေ ဦးလှကြည်–ဒေါ်မြကြိုင်(ခ)ဒေါ်မြမြတို့၏ ဒုတိယသမီး

မမြတ်မြတ်မိုး(ခ)မမြမြမိုး
B.Sc (Hons.), M.Sc (Botany),
M.Sc Environmental Engg.
(National University of Singapore)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီး၍ စင်ကာပူနိုင်ငံ၌ပြုလုပ်သော ၁၅–၁၀–၂၀၀၆ရက် မင်္ဂလာဦးဆွမ်းကျွေးနှင့် ၂၂–၁၀–၂၀၀၆ ရက်၌ ကျင်းပပြုလုပ်သော မင်္ဂလာနေ့လယ်စာစားပွဲကို တက်ရောက်ချီးမြှောက်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မောင်မိုးဇော်–မမြတ်မြတ်မိုး

မန္တလေးမြို့ ထီးလင်းကျောင်းတိုက်မှ သံဃာတော်များကဲ့သို့ မဟာဝိဇိကာရာမကျောင်းတိုက်ကလည်း လက်မှတ်ရေးထိုးခဲ့ခြင်းမရှိကြောင်းငြင်းဆို လသာမြို့နယ် NLD ပါတီဝင်ဟောင်းတစ်ဦးက ပုဂ္ဂိုလ်ရေးရှေ့တန်းတင်ပြီး အဓိပ္ပာယ်မဲ့လုပ်ရပ်ဖြစ်၍ ပါဝင်လက်မှတ်ရေးထိုးခြင်းမပြုခဲ့

နေပြည်တော် အောက်တိုဘာ ၃၀

လူထုဆန္ဒပြုလွှာလက်မှတ်များကို ရဟန်းသံဃာတော်များက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း “၈၈”မျိုးဆက်ကျောင်းသားအုပ်စုဝင်များက ပြည်ပအသံလွှင့်ဌာနတစ်ခုမှတစ်ဆင့် ထုတ်လွှင့်ခဲ့မှုအတွက် မန္တလေးမြို့ ထီးလင်းကျောင်းတိုက်မှ သံဃာတော်များက လက်မခံဘဲငြင်းဆိုသကဲ့သို့ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဝိဇိကာရာမကျောင်းတိုက်မှ သံဃာတော်များကလည်း ၎င်းတို့ပတ်ဝန်းကျင်ရှိ မည်သည့်သံဃာမျှလက်မှတ်ရေးထိုးခဲ့သည်ကိုမတွေ့မိ၊ မကြားမိကြောင်း၊ ဘာသာရေးကိုကြည်ညိုလေးစားကြသည့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် ယခုကဲ့သို့ ခုတုံးလုပ်၍ မလိမ့်တပတ်ယုတ်ညံ့စွာ စည်းရုံးလှုံ့ဆော်ခြင်းသာဖြစ်ကြောင်း၊ သံဃာစစ် သံဃာမှန်များမှာ ဘာသာသာသနာထွန်းကားပြန့်ပွားတည်တံ့ရေးအတွက် ကြိုးပမ်းအားထုတ်နေကြသူများဖြစ်၍ ယခုကဲ့သို့ ပါဝင်လက်မှတ်ရေးထိုးရန် ဆန္ဒမရှိကြောင်း၊ သံဃာတော်များအနေဖြင့် ယခုလို တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့၊ ပါတီတစ်ခုအတွက် အသုံးချခံမည်မဟုတ်ကြောင်း၊ သံဃာ့ဂုဏ်အမည်၊ ကျောင်းတိုက်အမည်နှင့် လက်မှတ်အတုများဖြင့် ဘာသာရေးကိုခုတုံးလုပ်၍ စည်းရုံးလှုံ့ဆော်မှုကြောင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူလူထုက ၎င်းတို့သံဃာများအပေါ် ကြည်ညိုလေးစားမှု ကင်းမဲ့သွားမည့်လုပ်ရပ်များကို လက်သင့်မခံကြောင်း အောက်တိုဘာ ၂၇ ရက်က ပြောဆိုလျက်ရှိသည်ဟု သတင်းရရှိသည်။

အလားတူ ရန်ကုန်မြို့ လသာမြို့နယ် ၂၁ လမ်းနေ မြို့နယ် NLD ပါတီဝင်ဟောင်းဖြစ်သူ ဦးခင်စိုးသည် အောက်တိုဘာ ၂၄ ရက် မျက်မှန်လုပ်ရန် ၎င်း၏အိမ်မှထွက်လာစဉ် မွန်းလွဲပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းထိပ်သို့အရောက် နိုင်ငံရေးပွဲစားလုပ်နေသည့် ကိုလှအောင်ဆိုသူနှင့်တွေ့ခဲ့ကြောင်း၊ ၎င်းက ဦးခင်စိုးအား လူထုဆန္ဒပြုလက်မှတ်ရေးထိုးရန် အတင်းအကြပ်ပြောဆိုခဲ့ရာ ဦးခင်စိုးက ယခုလုပ်ရပ်သည် ပုဂ္ဂိုလ်ရေးကိုရှေ့တန်းတင်ပြီး ကြောင်းကျိုးဆင်ခြင်မှုကင်းစွာ အဓိပ္ပာယ်မဲ့လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံနှင့်လူထုကို အကျိုးပြုသည့်လုပ်ဆောင်မှုမျိုးမဟုတ်သဖြင့် လက်မှတ်ရေးထိုးပေးနိုင်ခြင်းမရှိဟု အပြင်းအထန်ငြင်းဆိုခဲ့သည်ဟု သတင်းရရှိသည်။ (က–ပ)

ကျိုက်လတ်မြို့နယ်အသင်း အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၃၀

ကျိုက်လတ် မြို့နယ်အသင်း (ရန်ကုန်) မှ ကျိုက်လတ်မြို့သို့ နိုဝင်ဘာ ၁၄ ရက် နံနက် ၇နာရီတွင် နေ့ချင်းပြန် သွားရောက်၍ အာစရိယ ပူဇော်ပွဲ၊ စာပေဟောပြောပွဲနှင့် ရုပ်ရှင်ဂီတ အနုပညာရှင်များ၏ ဖျော်ဖြေပွဲများ တင်ဆက်မည်ဖြစ်သည်။

လိုက်ပါလိုသော မြို့နယ်သူ၊ မြို့နယ်သားများသည် ဦးမောင်ငြိမ်း ဖုန်း–၆၆၇၁၃၂၊ ဦးကျော်မြင့် ဖုန်း–၂၆၉၂၀၁၊ ဦးမြင့်သန်း ဖုန်း–၅၅၅၁၇၀၊ ဦးကျော်ရင် ဖုန်း ၅၆၀၅၂၀ နှင့် အသင်းရုံး ဖုန်း–၅၀၁၅၁၈ သို့ ဆက်သွယ်၍ လက်မှတ်များ ဝယ်ယူနိုင်ကြောင်း သိရသည်။ (၅၂၉)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်နေလင်း PP-No-257793 ထုတ်ပေးရက်စွဲ ၂၈–၁–၉၉မှာ ၃၀–၁၀–၂၀၀၆နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

Ph: 09511 5697

အမည်ပြောင်းလဲခြင်း

အဖဦးဌေးဝင်း၏ သမီး အထက(၂)ကမာရွတ် GradeXI , G (ဒသမတန်း)မှ မအိသူသူဝင်း အားယနေ့မှစ၍ မအိသူသူဝင်း(ခ)မမေသူသူကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ဆိုင်ကလုန်း မုန်တိုင်း(အော့နီ) အိန္ဒိယကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်

နေပြည်တော် အောက်တိုဘာ ၃၀

ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဆိုင်ကလုန်းမုန်တိုင်း(အော့နီ)အဖြစ်သို့ ပိုမိုအားကောင်းလာကာ အိန္ဒိယနိုင်ငံ အွန်ဂိုလီမြို့၏ အရှေ့ဘက်မိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုလျက်ရှိပြီး မြောက်ဘက်သို့ဆက်လက်ရွေ့လျားကာ နောက်နာရီအနည်းငယ်အတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ် ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သမိုင်းကြောင်းတိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ၊ ရွေးချယ်လျှောက်လှမ်းနိုင်သည့် လမ်းစဉ်အသွယ်သွယ် ရှိစမြဲဖြစ်သည့် လောကဓမ္မတရားကိုငြင်းပယ်ပြီး မိမိလမ်းစဉ်သာမှန်သည်ဟု ထင်မှတ်ခြင်းသည် ဆန္ဒစွဲမကင်းသည့် မှားယွင်းသောအမြင်ဖြစ်

နိုင်ငံတော်သည် တိုင်းရင်းသားပြည်သူအားလုံးအတွက် ပိုမိုကောင်းမွန်ညီညွတ်မျှတသည့် သမိုင်းဖြစ်စဉ်တစ်ဆင့်ကို တက်လှမ်းကူးပြောင်းနေပြီဆိုသည်ကို သိမြင်ကြရန်လို

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စစ်ဥပဒေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတကာအခြေအနေကိုကြည့်လျှင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေကြရသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✲

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် သင်တန်းသားစံပြဆုရရှိသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် လက်ထောက်ကထိကဦးအောင်မြတ်ကျော်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စောင်းအတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ မြန်မာဂီတာအတီးပြိုင်ပွဲနှင့် မယ်ဒလင်အတီးပြိုင်ပွဲတို့တွင် ဆုရရှိသူများအားဆုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၃၀

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)ခန်းမဆောင်၌ကျင်းပရာ (၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟို အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များနှင့် ကြီးကြပ် အုပ်ချုပ်သူများ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ၎င်းတို့၏ မိဘ ဆွေမျိုးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ ကရင်ပြည်နယ်မှ မောင်စောဝင်းကိုနိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✲ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✲ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✲ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✲ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✲ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✲ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✲ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✲ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✲ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✲ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✲ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✲ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများ

ရန်ကုန် အောက်တိုဘာ ၁၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်လိုက်သည့် အသေးစိတ် အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

"၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ်ပုံမှန် အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန် ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လ ထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်း တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်လွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ 'အနိုင်မဲ' ပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏နေရာ လစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ် တစ်ဒေသအတွက်သော် လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်းသို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

၁၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

အချပ်ပို (ခ) သို့ ✻

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

✻ အချပ်ပို (က) မှ

၁၅။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရ စီမံကိန်း၊ နှစ်စဉ် အရ အသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်း တင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေလျာထားချက်"ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက် အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက် မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင် ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော် လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခြင်း ခံရမည်။

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ် တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ"။ ။

နိုင်ငံတော် ...
တပ်မတော် ...

အမျိုးသားညီလာခံစုံညီအစည်းအ...

"၁။ တပ်မတော်သည် အင်အားဖေ... သော ခေတ်မီသည့် တစ်ခု... ဖြစ်သည်။

၂။ တပ်မတော်သည် နိုင်ငံတေ... ကာကွယ်စောင့်ရှောက်ရန်...

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ ... မပြိုကွဲရေး နှင့် အချုပ်အခြာ... ကာကွယ်စောင့်ရှောက်ရန် ... ရှိသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံအ... များမှ ကာကွယ်ရေးအတွက်... နိုင်ငံတော် ကာကွယ်ရေး... လက်နက်ကိုင်တပ်ဖွဲ့သည်...

၅။ တပ်မတော်သည် အမျိုးသ... ကောင်စီ၏ သဘောတူညီ... ကာကွယ်ရေးတွင် ပြည်သူ... စီမံဆောင်ရွက်ခွင့်ရှိသည်။ ... ပြည်သူ့စစ်မဟာဗျူဟာကို...

၆။ နိုင်ငံတော်အတွင်းရှိ လက်န... တပ်မတော်၏ ကွပ်ကဲမှုအော...

နိုင်ငံတော် ...
နိုင်ငံသား၊ နိုင်ငံသ...

အမျိုးသားညီလာခံစုံညီအစည်းအ... အောက်ပါအတိုင်းဖြစ်သည်–

"၁။ အောက်ဖော်ပြပါ အရည်အချင်း... ပြည်ထောင်စုသမ္မတမြန်မာနိုင်... သည်–

(က) ပြည်ထောင်စုသမ္မတမြန်... မိဘနှစ်ပါးမှ မွေးဖွားသူ...

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ... ဥပဒေအရ နိုင်ငံသားဖြ...

နိုင်ငံတော်သည်... နိုင်ငံ့ဝန်ထမ်း ခန့်... အရည်အချင်းနှင့်... လူမျိုး၊ ဇာတိ၊ ... အမျိုးသမီးကို အ... ခွဲခြားမှုမပြုရ။

သို့ရာတွင် အ... ရာထူးတာဝန်များ... ခြင်းကို ဤပုဒ်မ...

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့်
တပ်မတော်အခန်းအတွက် ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများ

ရန်ကုန် အောက်တိုဘာ ၃၀

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တပ်မတော်အခန်းအတွက် ချမှတ်လိုက်သည့် အသေးစိတ် အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

“၁။ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။

၂။ တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။

၅။ တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

၆။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်။

၇။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်း အားလုံး၏ အကြီးအကဲဖြစ်သည်။

၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။

၉။ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြု ထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။

၁၀။ တပ်မတော်သည်တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၁၁။ တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့် ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

၁၂။ စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၃။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။

၁၄။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်”။ ။

> တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့်
နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ချမှတ်လိုက်သည့် အသေးစိတ်အခြေခံရမည့်မူများ

ရန်ကုန် အောက်တိုဘာ ၃၀

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ချမှတ်လိုက်သည့် အသေးစိတ် အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

“၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

၃။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၄။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ၊

၅။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်း ရရှိစေရမည်–

(က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊

(ခ) အလုပ် လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

(စ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု၊

၆။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့် ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်။

၇။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့် ရှိစေရမည်။

၈။ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။

သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။

၉။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ၊

၁၀။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်–

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

အချပ်ပို (ဃ) သို့ ❒

> နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။
>
> သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထား ခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။

နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်

❐ အချပ်ပို (ဂ) မှ

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသား လူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၁၁။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၁၂။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၁၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၁၄။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့်လူကုန်ကူးမှုများကို တားမြစ်သည်။

၁၅။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှ တစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၁၆။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၁၇။ ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာ ဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

၁၈။ ထိုသို့ ဘာသာသာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ဥပဒေပြုခြင်းကို မတားမြစ်ရ။

၁၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၂၀။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာ တို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံ တော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ် ပြုသည်။

၂၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၂၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၂၃။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ် ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေး ဆိုင်ရာ မူဝါဒများနှင့်အညီ–

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။

(ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာ ခေတ်မီ တိုးတက်အောင် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေး ဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူ ခွင့်ရှိသည်။

၂၆။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ မိမိတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

၂၇။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့် ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၂၈။ လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်။

၂၉။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့် အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၃၀။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊စက်မှုပစ္စည်း၊ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့် ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင် ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၃၂။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှား စီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ် ထက်ပို၍ ချမှတ်ခြင်းမပြုရ။

၃၃။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှု တစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှအပြီး အပြတ် လွှတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့် တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန် ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှု အတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၄။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ တစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိ စေရမည်။

၃၅။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်း သာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင် ကာကွယ် ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့် ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။

၃၆။ ဤအခန်း၌ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူ လိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စု တရား လွှတ်တော်ချုပ်သို့ လျှောက်ထားယူပိုင်ခွင့်ရှိရမည်။

၃၇။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ လျှောက်ထားလာသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော် ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာ ရှိရမည်–

(က) ရှေ့တော်သွင်း စာချွန်တော်အမိန့်

(ခ) အာဏာပေး စာချွန်တော်အမိန့်

(ဂ) တားမြစ်စေ စာချွန်တော်အမိန့်

(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်

(င) အမှုခေါ် စာချွန်တော်အမိန့်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော် အမိန့်များထုတ်ဆင့်ခွင့် အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော် အမိန့် သဘောမျိုး သက်ရောက်သည့်အမိန့်ထုတ်ဆင့်ပိုင်ခွင့် အာဏာကို မထိခိုက်စေရ။

၃၈။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး အပိုဒ် ၃၆ ပါ အခွင့်အရေးများတောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ–

(က) စစ်မက်ဖြစ်ပွားချိန်၊

(ခ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

(ဂ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊

၃၉။ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ် စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၄၀။ အောက်တွင်ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုရ–

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

(ခ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊

(ဂ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်။

၄၁။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်း သေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းပြုရမည်။

၄၂။ နိုင်ငံသားတိုင်းသည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

တို့ကို စောင့်ထိန်းရန်တာဝန်ရှိသည်။

၄၃။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၄၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ် အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၅။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၄၆။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်း သားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်း သာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၇။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄၈။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက် များကို ပေးဆောင်ရန် တာဝန်ရှိသည်။

၄၉။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော် အား ကူညီရန် တာဝန်ရှိသည်–

(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့ကို ထိန်းသိမ်းစောင့် ရှောက်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုး တိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊

(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၅၀။ ဤအခန်းပါ “နိုင်ငံတော်” ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့် အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကို သော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလို သည်”။ ။

နိုင်ငံတော်သည် အမျိုးသား စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။